# အိုးဝေ စာစောင်

ဗကသများအဖွဲ့ချုပ် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ဦးစီးထုတ်ဝေသည်



ဩဂုတ် ၂၁၊ ၂၀၂၂
အတွဲ ၂၊ အမှတ် ၈
oway@uysu.org

စစ်တပ်ရဲ့ ချွေးသိပ်ခံ နိုင်ငံရေး လမ်းကြောင်း NCA
■ မောင်မိုးထက်
စာမျက်နှာ - ၁၄

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုနဲ့ မြန်မာ့စီးပွားရေး ကျဆင်းမှု ဘယ်လိုဆက်စပ်နေသလဲ
■ ကိုသိမ်းမြတ်
စာမျက်နှာ - ၁၈

အာဆီယံ အခြေပြု စဉ်းစားချက်ကို ပြန်သုံးသပ်ဖို့ လိုပြီ
■ ရေချမ်း
စာမျက်နှာ - ၂၂

မြေအောက်လှုပ်ရှားမှု လုပ်ငန်း အတွေ့အကြုံများ (အပိုင်း - ၃ နိဂုံး)
■ လေ့လာသူတဦး
စာမျက်နှာ - ၂၈

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်
ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ မှ
ဦးစီးထုတ်ဝေသည်။

အီးမေးလ် - oway@uysu.org

# တခုတည်းသော အဖြေ

စစ်အာဏာသိမ်းပြီးကတည်းက တဖြည်းဖြည်း ပြိုကျလာတဲ့ မြန်မာ့စီးပွားရေးဟာ ၂၀၂၂ နှစ်ဆန်းပိုင်းမှာ စိုးရိမ်ရေမှတ်ကို ရောက်လာခဲ့ပါတယ်။ စီးပွားရေးကျဆင်းမှုနဲ့အတူ ပြည်သူတွေရဲ့ နေ့စဉ်စားဝတ်နေရေးဟာလည်း တစတစ ပိုမိုကျပ်တည်းလာပါတယ်။

ကမ္ဘာ့စီးပွားရေးဟာလည်း အကျဖက်ကို ဦးတည်နေပြီး ရုရှား-ယူကရိန်းစစ်ပွဲကြောင့် လောင်စာဆီဈေးတွေ တက်လာပါတယ်။ ကမ္ဘာ့စီးပွားရေးကျဆင်းမှုနဲ့ လောင်စာဆီဈေးကြီးမြင့်လာမှုက မြန်မာ့စီးပွားရေးအတွက် ပြင်းထန်တဲ့ ရိုက်ခတ်မှုတွေ ဖြစ်လာပါတယ်။

ပြည်တွင်းမှာ လောင်စာဆီဈေး အဆမတန်မြင့်တက်လာမှုနဲ့အတူ သယ်ယူပို့ဆောင်ခတွေလည်း မြင့်တက်လာတာကြောင့် အခြေခံစားသောက်ကုန်ဈေးနှုန်းတွေ ထိုးတက်လာပါတယ်။ တချိန်တည်းမှာပဲ မြန်မာငွေတန်ဖိုးဟာလည်း ဆက်တိုက်ကျဆင်းနေပါတယ်။ ကုန်ဈေးနှုန်းမြင့်တက်လာမှုနဲ့ ငွေတန်ဖိုးကျဆင်းမှုတွေကြောင့် အောက်ခြေက ပြည်သူလူထုရဲ့ စားဝတ်နေရေး ဟာ အရင်ကထက် ၂ ဆလောက် ပိုမို ခက်ခဲလာပါတယ်။ အခုလို စားဝတ်နေရေး အကျပ်အတည်းဆိုက်မှုဟာ မြို့နေ လူလတ်တန်းစားတွေအထိပါ ရိုက်ခတ်မှု ရှိလာပါတယ်။

လက်ရှိ ပြည်သူလူထုရဲ့ ဘဝဟာ စားဝတ်နေရေးအတွက် ရုန်းကန်နေရသလို တဖက်မှာလည်း အာဏာသိမ်းစစ်တပ်ရဲ့ နေ့စဉ်ရက်ဆက် ဖိနှိပ်မှုတွေကို ခါးစည်းခံနေရတဲ့ အခြေအနေဖြစ်ပါတယ်။

လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တွေ အင်အားကောင်းတဲ့ ဒေသတွေမှာ စစ်ကောင်စီတပ်တွေက ရွာလုံးကျွတ်မီးရှို့သတ်ဖြတ်နေတာကြောင့် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးနေရပါတယ်။

အခုလို ပြည်သူတွေနေ့စဉ်ရင်ဆိုင်နေရတဲ့ အကျပ်အတည်းပေါင်းစုံရဲ့ လက်သည်တရားခံဟာ တိုင်းပြည်အာဏာကို မတရားသိမ်းပိုက်ထားတဲ့ စစ်အုပ်စုပဲ ဖြစ်ပါတယ်။

ဘာမဆို လုပ်ရဲတယ်လို့ ကြွေးကြော်ထားတဲ့ မင်းအောင်လှိုင်ဦးဆောင်တဲ့ စစ်တပ်ဟာ သူတို့အာဏာတည်မြဲရေးအတွက် မိုက်ကန်းတဲ့ လုပ်ရပ်တွေကို ဆက်လုပ်နေအုံးမှာပါ။

ဒီအချိန်မှာ နိုင်ငံတကာက မြန်မာ့အရေးကို ဝင်ရောက်ဖြေရှင်းတာတွေလည်း ရှိလာပါတယ်။ မြန်မာ့အရေးနဲ့ ပတ်သက်ပြီး နိုင်ငံတကာရဲ့ အမြင့်ဆုံးဖြေရှင်းချက်ဟာ စေ့စပ်ညှိနှိုင်းရေးသာ ဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂနဲ့ အာဆီယံက စစ်ကောင်စီနဲ့ စေ့စပ်ညှိနှိုင်းဖို့ တချိန်လုံး တိုက်တွန်းနေတာပါ။

ပြည်သူလူထုကတော့ စစ်အုပ်စုနဲ့ စေ့စပ်ညှိနှိုင်းဖို့ လုံးဝမဖြစ်နိုင်တော့ဘူးလို့ နားလည်သဘောပေါက်ထားကြပါပြီ။ ကမ်းကုန်အောင် မိုက်ရိုင်း ယုတ်မာလွန်းတဲ့ စစ်တပ်နဲ့ စေ့စပ်ညှိနှိုင်းခြင်းဟာ ကျားရှေ့ လည်စင်းပေးရသလိုပဲ ဖြစ်နေမှာပါ။

လူမျိုးပေါင်းစုံ ပြည်သူလူထုကြီး လက်ရှိခံစားနေရတဲ့ အထွေထွေအကျပ်အတည်းပေါင်းစုံမှ လွတ်မြောက်ရာလမ်းဟာ စစ်အုပ်စုကို အမြစ်ဖြတ်ရေးမှတပါး အခြားမရှိပါဘူး။ စစ်အစိုးရ၊ စစ်အုပ်စု၊ စစ်ဗျူရိုကရေစီယန္တရား စတဲ့ စစ်သုံးစစ်အပေါ် အခိုင်အမာထောက်တိုင်ပြုတည်ဆောက်ထားတဲ့ စစ်အာဏာရှင်စနစ် အပြီးတိုင် ပျက်သုဉ်းရေးသည်သာ လူထုလွတ်မြောက်ရေးအတွက် တခုတည်းသော အဖြေ ဖြစ်ပါတယ်။ ■

# ကုန်စျေးနှုန်းများ ထိုးတက်၊ အခြေခံပြည်သူများဘဝ ပိုမိုကျပ်တည်းလာ



စစ်တပ်က အာဏာသိမ်းခဲ့တဲ့ ၁ နှစ်ခွဲကျော် ကြာလာချိန်တွင် မြန်မာပြည်သူတွေဟာ ကုန်စျေးနှုန်းမြင့်တက်တာ၊ စက်သုံးဆီ၊ ဆေးဝါး ပြတ်လပ်တာ၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးတာ စတဲ့ လူမှုစီးပွားဘဝအကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

လက်ရှိမှာ အခြေခံစားသောက်ကုန်စျေးနှုန်းတွေက ယခင်နှစ်တွေထက် အနည်းဆုံး ၄ ဆခန့်ထိ မြင့်တက်နေပေမယ့်လည်း လုပ်ခလစာတွေက မြင့်တက်လာတာမရှိတာကြောင့် အခြေခံလူတန်းစားအများစုမှာ ဝင်ငွေထွက်ငွေ မျှတမှုမရှိဘဲ ပိုမိုကျပ်တည်းလာနေကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ စစ်အာဏာသိမ်းမှု နောက်ဆက်တွဲ အကျိုးဆက်ကြောင့် နိုင်ငံအတွင်းရှိ အခြေခံလူတန်းစား ဆင်းရဲနွမ်းပါးသူတွေမှာ ယခုအခါ ပိုမိုဆိုးရွားတဲ့အခြေအနေကို ရောက်ရှိနေပြီး မညီမျှမှုတွေ ဆိုးရွားလာမယ်ဖြစ်ကြောင်းလည်း ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ထုတ်ပြန်ခဲ့တဲ့ မြန်မာ့စီးပွားရေးစောင့်ကြည့်လေ့လာမှု ကမ္ဘာ့ဘဏ်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် စစ်တပ်ရဲ့အာဏာသိမ်းမှုကြောင့် ဆယ်စုနှစ်တခုစာ ကြိုးပမ်းခဲ့တဲ့ နိုင်ငံတွင်းဆင်းရဲမှုလျှော့ချရေး အားထုတ်ချက်တွေ ပျက်စီးသွားပြီဖြစ်ပြီး ၂၀၂၂ မှာ မြန်မာ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်း (၂၂ သန်း) ဟာ ဆင်းရဲမှုမျဉ်းအောက် ရောက်ရှိသွားပြီဖြစ်ကြောင်း၊ နိုင်ငံတွင်း အိမ်ထောင်စုအားလုံးရဲ့ ထက်ဝက်ခန့်မှာ အစားအစာမဟုတ်တဲ့ ပစ္စည်းတွေသုံးစွဲမှုကို လျှော့ချဖြတ်တောက်ရပြီး ဝင်ငွေရရှိနိုင်မှု သိသာစွာနည်းပါးလာတာကြောင့် အစားအစာတွေကိုတောင် လျှော့ချစားသုံးနေရကြောင်း ဆိုထားပါတယ်။

ယခုအခါ အခြေခံစားသောက်ကုန်တွေဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့မှစပြီး ခရမ်းချဉ်သီး၊ အာလူး၊ ဟင်းသီးဟင်းရွက် စတာတွေအပြင် အသား၊ ငါးတွေသာမက ဆပ်ပြာမှုန့်၊ ကိုယ်တိုက်ဆပ်ပြာ၊ သွားတိုက်ဆေး၊ ကော်ဖီမစ် စတဲ့ လူသုံးကုန်ပစ္စည်းတွေမှာလည်း စျေးမြင့်တက်နေကြောင်း သိရပါတယ်။

စစ်တပ်အာဏာမသိမ်းမီက ၁ အိတ်ကို ကျပ် ၄ သောင်းမှ ၄ သောင်းခွဲဝန်းကျင်သာရှိခဲ့တဲ့ မနောသုခ၊ ဧည့်မထဆန်တွေဟာ ယခုအခါ ၁ အိတ်ကို ကျပ် ၇ သောင်းခန့် ရှိကြောင်း၊ ထို့အတူ ၁ ပိဿာကို ကျပ် ၂၅၀၀ မှ ၃၀၀၀ ဝန်းကျင်သာရှိခဲ့သော စားအုန်းဆီစျေးနှုန်းမှာလည်း ယခုအခါ ၁ ပိဿာကို ကျပ် ၈၅၀၀ မှ ၁ သောင်းခန့်ထိ ရှိကြောင်း စျေးကွက်အတွင်းမှ သိရပါတယ်။

စစ်ကောင်စီရဲ့ စီးပွားရေးစီမံခန့်ခွဲမှု အလွဲတွေကြောင့် နိုင်ငံ့စီးပွားရေးချွတ်ခြုံကျနေပြီး ကုန်စျေးနှုန်းတွေလည်း အဆမတန်မြင့်တက်နေသလို ဘဏ်လုပ်ငန်းနဲ့ ငွေကြေးစီးဆင်းတာ၊ ကျပ်ငွေတန်ဖိုးကျဆင်းလာတာ၊ နိုင်ငံရေးမတည်ငြိမ်တာ၊ ကမ္ဘာ့လောင်စာဆီစျေး မြင့်တက်တာ၊ စီးပွားရေးလုပ်ငန်းတွေအတွက် လျှပ်စစ်မီးပုံမှန်မရရှိတာ စတဲ့အချက်တွေက ပြည်သူလူထုကို ကျပ်တည်းမှုတွေ ပိုမိုဖြစ်လာစေတယ်လို့ စီးပွားရေးလေ့လာသူတွေက ဆိုပါတယ်။

မြန်မာနိုင်ငံဟာ စားသုံးဆီ၊ စက်သုံးဆီ အပါအဝင် စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတွေ စတာတွေကို ပြည်ပနိုင်ငံအသီးသီးမှ တင်သွင်းနေရတဲ့၊ သွင်းကုန်ကို အဓိကအားထားနေရတဲ့ အခြေအနေဖြစ်ပါတယ်။ ■

## အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ပေးရန် အလုပ်သမားအဖွဲ့များ တောင်းဆိုမည်

စစ်တပ်မှ အာဏာသိမ်းပြီးနောက် မြင့်တက်လာတဲ့ အထွေထွေကုန်ဈေးနှုန်းကို ကာမိဖို့အတွက် အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်ပေးဖို့ အလုပ်သမားအဖွဲ့အစည်းအသီးသီးက စုပေါင်းတောင်းဆိုသွားမယ်လို့ သမဂ္ဂအဖွဲ့ဝင်တွေက ပြောဆိုပါတယ်။

မြန်မာနိုင်ငံမှာ အလုပ်သမားတဦးအတွက် အခြေခံအနိမ့်ဆုံး လုပ်ခလစာမှာ တရက်ကို ၄၈၀၀ ကျပ်နှုန်း သတ်မှတ်ထားတာပါ။ ဒီ့အပြင် အနိမ့်ဆုံးလုပ်ခလစာဥပဒေပါ ပြဋ္ဌာန်းချက်အရ အလုပ်သမားတွေရဲ့လုပ်ခလစာကို ၂ နှစ် တကြိမ် ပြောင်းလဲပြင်ဆင်ဖို့ ခွင့်ပြုပေးထားပါတယ်။ ဒါကြောင့် ၂၀၁၈ ခုနှစ်မှာ သတ်မှတ်ခဲ့တဲ့ တရက်ကို ၄၈၀၀ ကျပ်နှုန်းနဲ့ အခြေခံအနိမ့်ဆုံးလုပ်လစာဟာ ခေတ်ကာလအခြေအနေနဲ့ ကိုက်ညီမှုမရှိတဲ့အပြင် သက်တမ်းအားဖြင့်လည်း ကျော်လွန်နေတယ်လို့ အလုပ်သမားအဖွဲ့အစည်းတွေက ထောက်ပြပြောဆိုပါတယ်။ ■

## ဖေ့ဘွတ်ခ်် အစားထိုး လူမှုကွန်ရက် ပလက်ဖောင်းတခုကို စစ်ကောင်စီ ဖန်တီးနေ

အင်တာနက်လူမှုကွန်ရက် ဖေ့ဘွတ်ခ်ကို အစားထိုးနိုင်မယ့် လူမှုကွန်ရက် ပလက်ဖောင်းတခုကို ဖန်တီးနေတဲ့အကြောင်း စစ်ကောင်စီပြောခွင့်ရသူက နေပြည်တော်မှာ ဩဂုတ်လ ၁၇ ရက်နေ့ကပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောလိုက်တာဖြစ်ပါတယ်။

ရုရှားနိုင်ငံမှာပြုလုပ်တဲ့ စစ်ရေးလေ့ကျင့်မှုမှာ မြန်မာစစ်တပ် သွားရောက်ယှဉ်ပြိုင်တဲ့အဖွဲ့ ဆုရရုပ်သံကို တပ်ဘက်ကရော၊ အရပ်ဘက်ကပါ ဖေ့ဘုတ်ခ်ပေါ် တင်တဲ့အခါ ခဏခဏဖြုတ်ချခံရတာကို ထောက်ပြပြီး ဖေ့ဘွတ်ခ်ရဲ့ စံနှုန်းတွေကို သူကမေးခွန်းထုတ်ပါတယ်။ လက်ရှိမှာ အဲဒီလူမှုကွန်ရက်အသစ်အတွက် ဝန်ကြီးဌာနအချို့၊ နောက် ပညာရှင်တွေနဲ့ ပူးပေါင်းပြီး ဖန်တီးနေတာလို့လည်း သူက ပြောထားပါတယ်။ ■

## မိုဘိုင်း ငွေသွင်းထုတ် လုပ်သူတွေကို ဓာတ်ပုံရိုက်ထားဖို့ ဗဟိုဘဏ်ညွှန်ကြား

လူအများသုံးစွဲနေကြတဲ့ Kpay နဲ့ Wave Money မိုဘိုင်း ငွေကြေးဝန်ဆောင်မှု ကိုယ်စားလှယ် (Agent) ဆိုင်တွေအနေနဲ့ လျှို့ဝှက်ကင်မရာ (CCTV) တပ်ဖို့နဲ့ ငွေသွင်း၊ ငွေထုတ် လာလုပ်သူတွေကို လျှို့ဝှက်ဓာတ်ပုံရိုက်ထားဖို့ စစ်ကောင်စီရဲ့ ဗဟိုဘဏ်က ဩဂုတ်လ ၁၅ ရက်နေ့ ရက်စွဲနဲ့ ညွှန်ကြားထားပါတယ်။ ငွေကြေးခဝါချမှုနဲ့ အကြမ်းဖက်မှုတွေကို ငွေကြေးမထောက်ပံ့နိုင်ဖို့ဆိုပြီး အချက် (၁၀) ချက်ပါ ညွှန်ကြားချက်ကို ထုတ်ပြန်လာတာပါ။

မိုဘိုင်း ငွေကြေးဝန်ဆောင်မှု လုပ်ကိုင်တဲ့ ကိုယ်စားလှယ်တွေအနေနဲ့ ငွေသွင်းနဲ့ ငွေထုတ်သူရဲ့ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ရှေ့နောက်ပုံ မိတ္တူ၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ၊ ငွေလွှဲပို့တဲ့အကြောင်းအရင်း စတဲ့ အချက်အလက်တွေကို အပြည့်အစုံ ရယူထားရမယ်လို့လည်း ဆိုပါတယ်။ ■

## ဒေါ်အောင်ဆန်းစုကြည် ထောင်ဒဏ်ခြောက်နှစ် ထပ်မံချမှတ်ခံရ

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရားရင်ဆိုင်နေရတဲ့ အမှုတွေထဲက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနဲ့ ဆက်စပ်ပြီး စွဲဆိုထားတဲ့ အဂတိလေးမှုအတွက် နေပြည်တော်အချုပ်ထောင်တွင်း တရားရုံးကနေ ဩဂုတ်လ ၁၅ ရက်နေ့က ထောင်ဒဏ်ခြောက်နှစ် ထပ်မံချမှတ်လိုက်တယ်လို့ တရားရုံးနဲ့ နီးစပ်သူတွေက ပြောပါတယ်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ - ၅၅ နဲ့ စွဲဆိုထားတဲ့ အမှုအမှတ် ၃၊ ၄၊ ၅၊ သုံးမှုကို တပေါင်းတည်း ကျခံစေတာကြောင့် ထောင်ဒဏ်သုံးနှစ်နဲ့ အမှု အမှတ် ၂၅ အမှု ကို ထောင်သုံးနှစ်ချတာကြောင့် စုစုပေါင်း ထောင်ဒဏ်ခြောက်နှစ် ချမှတ်ခံရတာပါ။ ယခင်ကလည်း အမှုခြောက်မှုအတွက် ထောင်ဒဏ် ၁၁ နှစ်ချမှတ်ခံထားရတာကြောင့် ထောင်ဒဏ် ၁၇ နှစ်ထိကျခံရမှာပါ။ ■

## ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်
## All Burma Federation of Student Unions

**ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်)**
**တိုးချဲ့ဖွဲ့စည်းကြောင်း ကြေညာချက်**
ကြေညာချက်အမှတ် (၁/၂၀၂၂)
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

**ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရတကသ)** ကို ဗကသများအဖွဲ့ချုပ်၏ အဖွဲ့ဝင်ကျောင်းသားသမဂ္ဂ တခုအဖြစ် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် တိုးချဲ့ဖွဲ့စည်းလိုက်ပါသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) သည် **ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသများအဖွဲ့ချုပ်) ၏ (၈) ကြိမ်မြောက် ညီလာခံ မှ** အတည်ပြုပြဌာန်းခဲ့သော -

**(က) နယ်ချဲ့ဆန့်ကျင်ရေး (ဝါ) အမျိုးသားရေး**
**(ခ) ဒီမိုကရေစီရေး (ဝါ) စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး**
**(ဂ) ငြိမ်းချမ်းရေး**
**(ဃ) ဒီမိုကရေစီပညာရေး**
**(င) ကျောင်းသားထုအခွင့်အရေးကာကွယ်ရေး**
**(စ) နိုင်ငံတကာကျောင်းသားများနှင့် သွေးစည်းညီညွတ်ရေး**

ဟူသော မူဝါဒ (၆) ချက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ၊ ဒီမိုကရေစီဗဟိုဦးဆောင်မှုစနစ် စသည့် လက်ခံချက် (၃) ရပ်ကို လက်ခံကိုင်စွဲကာ ကျောင်းသားထုအကျိုး နှင့် ပြည်သူလူထုအကျိုးအား သယ်ပိုးဆောင်ရွက်သွားမည် ဖြစ်သည်။

အလုပ်အမှုဆောင်အဖွဲ့
ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ
(ဗကသများအဖွဲ့ချုပ်)

# ဗကသများအဖွဲ့ချုပ်၏ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများ



■ သုံးခွမြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) မှ ၈ လေးလုံး လူထုအရေးတော်ပုံ ၃၄ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် “မပြီးဆုံးသေးတဲ့ ၈ လေးလုံး လူထုလွတ်မြောက်ရေး ဒို့အတူရှိန်း” စာသားပါဘန်နာကို ကိုင်ဆွဲကာ သုံးခွမြို့နယ်တွင် ဩဂုတ်လ ၈ ရက်နေ့၌ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။



■ ယင်းမာပင်မြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) နှင့် ဆားလင်းကြီးမြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) တို့မှ ယင်းမာပင်မြို့နယ်အတွင်းက သွေးမအေးတဲ့ ရွှေနွယ်သွေး သပိတ်စစ်ကြောင်းသို့ ပူးပေါင်း၍ ၈ လေးလုံး လူထုအရေးတော်ပုံ ၃၄ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် “မပြီးသေးတဲ့ ၈ လေးလုံး လူထုလွတ်မြောက်ရေး ဒို့အတူရှိန်း” စာသားပါဘန်နာအား ကိုင်စွဲကာ ယင်းမာပင်မြို့နယ်အတွင်းတွင် ဩဂုတ်လ ၈ ရက်နေ့၌ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။



■ ၈လေးလုံး ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံ ၃၄ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဩဂုတ်လ ၈ ရက်နေ့၌ ဖက်ဆစ်တပ်က အင်တာနက်လိုင်းများ ဖုန်းလိုင်းများ ဖြတ်တောက်ကာ စစ်ကြောင်းများထိုးနေသည့် အရာတော်မြို့နယ်တွင် “မပြီးဆုံးသေးတဲ့ ၈လေးလုံး လူထုလွတ်မြောက်ရေး ဒို့အတူရှိန်း” စာသားပါဘန်နာအား ကိုင်စွဲကာ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။




■ “ဥဒါန်းကျူးမယ့်ကျောင်းသားတပ်ဦး” စာသားပါဘန်နာဖြင့် ရန်ကုန်တွင် ဩဂုတ်လ ၁၀ ရက်နေ့၌ သင်္ဃန်းကျွန်းမြို့နယ်ကျောင်းသားသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) နှင့် မဟာမိတ်များ ပူးပေါင်းကာ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။




■ ဆားလင်းကြီးမြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) သည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း သပိတ်စစ်ကြောင်းနှင့် ပူးပေါင်း၍ "Intergenerational Solidarity Creating A World For All Ages" စာသားပါဘန်နာအား ကိုင်စွဲကာ ဆားလင်းကြီးမြို့နယ်အတွင်းတွင် ဩဂုတ်လ ၁၁ ရက်နေ့၌ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။



■ ရွှေပြည်သာမြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်)၊ လှိုင်သာယာမြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) တို့ပူးပေါင်း၍ ကရင်အာဇာနည်နေ့ (၇၂) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရွှေပြည်သာမြို့နယ်တွင် ဩဂုတ်လ ၁၂ ရက်နေ့၌ "လူမျိုးကြီးဝါဒ တိုက်ဖျက်ကြ၊ အာဇာနည်ဟာကိုးဦးမက" စာသားပါဘန်နာကို ချိတ်ဆွဲကာ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။



■ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသများအဖွဲ့ချုပ်)၊ North Dagon Oppressed People's Strike Colition (NDOPSC) နှင့် မဟာမိတ်အဖွဲ့အစည်းများ ပူးပေါင်း၍ ဩဂုတ်လ ၁၃ ရက်နေ့တွင် စစ်တွေဆန်ပြဿနာနေ့ (၅၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် "၁၃ ဩဂုတ် မမေ့အပ်၊ တောင်းတော့ ဆီ ဆန်၊ ပေးတော့ ကျည်ဆံ" စာသားပါဘန်နာအား ကိုင်စွဲကာ ရန်ကုန်မြို့၌ စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ချေမှုန်းရေး လှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။



■ ကနီမြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) က စစ်တွေဆန်ပြဿနာ အရေးတော်ပုံ (၅၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် "၁၃ August မမေ့အပ် တောင်းတော့ဆီဆန် ပေးတော့ကျည်ဆန်" စာသားပါဘန်နာအား ကိုင်စွဲကာ ကနီမြို့နယ်လူထုအား ဦးဆောင်၍ ဩဂုတ်လ ၁၃ ရက်နေ့တွင် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။



■ ဗကသရဲဘော်များနှင့် မြိုင်မြို့နယ်အခြေခံပညာသပိတ်ကော်မတီတို့မှ ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ မြိုင်မြို့နယ်တွင် ဩဂုတ်လ ၁၆ ရက်နေ့၌ ထောင်တွင်း အစာအငတ်ခံဆန္ဒပြမှုအား ဝန်းရံကြောင်း "ထောင်တွင်းအကြမ်းဖက်မှု၊ သတ်ဖြတ်မှု ဒို့လက်မခံ ပညာရေးနဲ့ ပြည်သူ့အသံ" စာသားပါ ဘန်နာအားကိုင်စွဲ၍ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။




■ ယင်းမာပင်မြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) က စစ်တွေဆန်ပြဿနာအရေးအခင်း ၅၅ နှစ်ပြည့် အထိမ်းအမှတ် အဖြစ် ဗကသများအဖွဲ့ချုပ်နှင့် ရတကသတို့ ပူးပေါင်းထုတ်ဝေသည့် အိုးဝေစာစောင် အတွဲ (၁)၊ အမှတ် (၁) ပါ ဆောင်းပါးအား ဩဂုတ်လ ၁၃ ရက်နေ့တွင် ယင်းမာပင်မြို့နယ် ပြည်သူလူထုသို့ ဖြန့်ဝေခဲ့သည်။



■ စစ်တွေဆန်ပြဿနာနေ့ (၅၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် အထက(၃)သာကေတကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်)၊ အထက(၂)ဗဟန်းအခြေခံပညာကျောင်းသားများသမဂ္ဂ နှင့် Yangon Democratic Youth Strike (YDYS) တို့ပူးပေါင်း၍ "၁၃ ဩဂုတ် မမေ့အပ် တောင်းတော့ဆီဆန် ပေးတော့ကျည်ဆံ" စာသားပါ ဘန်နာအား ချိတ်ဆွဲကာ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ်ကို ရန်ကုန်မြို့ ၌ ပြုလုပ်ခဲ့သည်။




■ ရန်ကုန်တွင် "တောင်တန်းမြေပြန့်ညီညွတ်ကြ၊ စစ်သုံးစစ်ကိုအမြစ်ဖျက်ကြ" စာသားပါဘန်နာအား ကိုင်စွဲ၍ ဗကသများအဖွဲ့ချုပ်နှင့် မဟာမိတ်အဖွဲ့အစည်းတို့ပူးပေါင်းကာ ဩဂုတ်လ ၁၉ ရက်နေ့တွင် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။



■ အထကသုဝဏ္ဏကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်)၊ သာကေတမြို့နယ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်)၊ အထက ၃ သာကေတကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) နှင့် အထက ၄ သာကေတကျောင်းသားသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) တို့ ပူးပေါင်းကာ ရန်ကုန်မြို့၌ ဩဂုတ်လ ၁၉ ရက်နေ့တွင် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။



■ ဗကသရဲဘော်များနှင့် မြိုင်မြို့နယ်အခြေခံပညာသပိတ်ကော်မတီ တို့မှ ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ မြိုင်မြို့နယ်တွင် ဩဂုတ်လ ၁၈ ရက်နေ့၌ ထောင်တွင်း အစာအငတ်ခံဆန္ဒပြမှုအား ဝန်းရံကြောင်း "ထောင်တွင်းအကြမ်းဖက်မှု၊ သတ်ဖြတ်မှု ဒိုလက်မခံ ပညာရေးနဲ့ ပြည်သူ့အသံ" စာသားပါဘန်နာအား ကိုင်စွဲ၍ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုတရပ် ပြုလုပ်ခဲ့သည်။

# မလုံ့တလုံမြို့

မြို့ဟာ မြို့နဲ့ မတူတော့ဘူး . . .။

မြို့ဟာ အကျင့်ပျက်ခြစားမှုတွေနဲ့
အရောင်တင်ခဲ့ပြီး
မြို့ဟာ ခေတ်ပျက်စနစ်ပျက်ထဲမှာ
သူ့ကိုယ်သူ နစ်မြုပ်နေခဲ့ရတယ် . . .။

မြို့ဟာ မြို့မှာနေသူတွေနဲ့
ဖက်လှဲတကင်း မရှိတော့ဘူး
မြို့ဟာ မြို့ကိုအလည်လာသူတွေနဲ့
လက်ဆွဲနှုတ်ဆက်တာမျိုး မရှိတော့ဘူး
မြို့ဟာ မြို့သူမြို့သားတွေနဲ့
အခေါ်အပြောမလုပ်တော့ဘူး
မြို့ဟာ ခေတ်ပျက်စနစ်ပျက်ထဲမှာ
တစ်ကိုယ်တည်း အထီးကျန်နေခဲ့ရပေါ့ . . .။

လူထုဟာ လူထုနဲ့ မတူတော့ပဲ
လူထုဟာ လူတစု တဖွဲ့စီနဲ့ တသီးတသန့်ဆန်နေတယ်
လူတွေဟာ ထုနဲ့ထည်နဲ့ မရှိတော့ဘူး
လူတွေဟာ သူ့အုပ်စုနဲ့သူ ကိုယ့်အုပ်စုနဲ့ကိုယ်
သီးခြားဆက်ဆံနေတော့တယ်
ကိုယ့်ထိမှ နာတတ်တဲ့ လူတွေ ပေါင်းစုနေတဲ့ မြို့မှာ
မတရားမှုမှန်သမျှဟာ
လမ်းမထက်မှာ နေ့နေ့ညည မင်းမူနေခဲ့ပေါ့ . . .။

ဟိုဘက်ရပ်ကွက်က မိအေးလည်း
နယ်ကျော်ပြီးအတင်းပြောဖို့ စိတ်မကူးရဲတော့ဘူး
ဒီဘက်ရပ်ကွက်က လူငယ်လေးလည်း
ညခင်းဘက် ချစ်သူ့အိမ်ရှေ့ ဂစ်တာလာမတီးရဲတော့ဘူး
မြို့လမ်းမတွေဟာ
မှောင်ရီပျိုးတာနဲ့ ဒုစရိုက်မှုကို ကျင်လည်ခွင့်ပေးခဲ့တယ်
မြို့ပြဆန်ဆန် တောက်ပခဲ့တဲ့မီးရောင်စုံတွေဟာ
ခေတ်ပျက်စနစ်ပျက်ထဲမှာ အလိုက်တသိ အမှောင်ချပေးခဲ့ကြတယ်
မြို့ဟာ အမှောင်ထုအောက်မှာ မုဒိန်းကျင့်ခံနေခဲ့ရတယ် . . .။

မြို့နေလူထုရဲ့ အလွှာအသီးသီးမှာ
မြို့ကပေးတဲ့ ဒုက္ခကိုယ်စီ နဲ့
သို့မဟုတ်
ခေတ်ပျက်စနစ်ပျက်ရဲ့ ဒုက္ခကိုယ်စီနဲ့
သို့တည်းမဟုတ်
ကိုယ်တိုင်ရှာမိတဲ့ ဒုက္ခကိုယ်စီနဲ့ . . .။

တိတ်ဆိတ်နေခြင်းဟာ မြို့ကို ပိုပြီး အမှောင်ဖုံးစေခဲ့တယ်
မတရားမှုမှန်သမျှအတွက် ဆွံ့အနေခဲ့မှုတွေက
မြို့ကို ပိုပြီး ခြောက်လှန့်နေခဲ့တယ်
မြို့ဟာ မြို့နဲ့ မတူတော့ဘဲ သုသာန်တစပြင်လို
တိတ်ဆိတ်ခြောက်ကပ်လို့ . . .။

စောင်းပါးရိပ်ခြေ ကြည့်ဖြစ်တဲ့ မျက်လုံးတွေက
သက်ဘမကင်းဖြစ်မှုတွေနဲ့
မြို့နေလူထုရဲ့ လုပ်ရပ်တွေက သံသယဖြစ်စဖွယ် အပြုအမူတွေနဲ့
ဘယ်သူတွေ ဘာလုပ်နေသလဲ
ဘယ်သူတွေ ဘယ်ကိုသွားသလဲ
ဘယ်သူက ခမ္ဘက်မှာရပ်ပြီး
ဘယ်သူက အခမ္ဘက်မှာ မင်းမူနေသလဲ
ဘယ်သူတွေက လုပ်ကြံရေးသမားလဲ
ဘယ်သူတွေက အခွင့်အရေးသမားလဲ
နေ့နေ့ညည သွားရေးလာရေး အဆင်မပြေမှုတွေကြားမှာ
မြို့ဟာ ကပ်ဘေးဆိုက်ပြီး အင်တင်တင်အပြတ်ပြတ် ဖြစ်ခဲ့ရ . . .။

မြို့နေလူထုက မြို့ကို မနှစ်မြို့တော့ဘူး
သို့ပေမယ့်
မြို့နေလူထုက မြို့ကို ဖက်တွယ်ထားဆဲ . . .

မြို့နေလူထုက မြို့ရဲ့ အကျင့်စရိုက်တွေကို မနှစ်မြို့ဘူး
ဒါပေမယ့်
မြို့နေလူထုကပဲ ကိုယ်နဲ့မဆိုင်သလို ဥပေက္ခာပြု လျစ်လျူရှုခဲ့ကြ
. . .

မတရားမှု ဒုစရိုက်မှုတွေက မြို့ကို ဝါးမြိုသွားခဲ့ပြီ
တိတ်ဆိတ်နေခဲ့တဲ့ မဆန့်ကျင်ရဲတော့တဲ့ မြို့နေလူထုကိုလည်း
ဝါးမြိုသွားခဲ့ပြီ
မြို့ဟာ လွတ်လပ်စွာ ရှင်သန်ခွင့်ကို သင်းသတ်ခဲ့ပြီး
မြို့နေလူထုကို လုံခြုံမှုမပေးနိုင်တော့ဘူး
တဆက်တည်းမှာပဲ
မြို့နေလူထုဟာ ပျော်ရွှင်ရယ်မောစွာ ကခုန်နေနိုင်ဆဲ . . .။

■ ဗလ

09:56 AM

8 July 2022

# မှိုလိုပေါက်ပြီး မှိုမလုပ်ရန် *

ငါ့ဘေးမှာ ရောက်နေတဲ့ 'ည'ဟာ အိပ်ငိုက်နေလို့
စကားဝှက် 'ကျဉ်ဆံ'လို့ အော်ပြီး
ငါ့မှာ အသိပေးနေရတယ်။

အမှောင်ထဲက ပုဇဉ်းရင်ကွဲသံတွေဟာ
ငါတို့ ရင်ဘတ်ထဲက
'ဒို့အရေး' အော်သံနဲ့ ယှဉ်ရင်
ခပ်တိုးတိုး တောက်ခေါက်သံသာသာပါပဲ။

တောက်တဲ့ ခုနှစ်ချက် အော်သံမှာ
"ဒို့အရေး"လို့ ငါတို့ ရဲဘော်တွေ အော်ကြတယ်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတဲ့ကောင်ဟာ
မနက်ကျရင် သူ့သေနတ်ပျောက်လို့ ဒဏ်ထိတော့မယ်။

ညဟာ မှောင်နေတယ်။

တောက်တဲ့ အော်သံ ခုနှစ်ချက်ပြည့်တိုင်း
နောက်ထပ် တောက်တဲ့သံတွေဟာ
ဆက်မြည်လာနေတုန်းပဲ
ငါတို့ အနာဂတ်ဟာ
နာကြည်းသံတွေနဲ့ မှောင်နေတယ်။

ပိုးစုန်းကြူးတွေ ငါ့တို့ နားမှာ ဝဲနေတယ်။
'ည'ကလဲ ငါ့တို့ဘေးမှာ အိပ်ငိုက်ကောင်းလို့။
အိပ်ငိုက်နေတဲ့ 'ည' မသိအောင်တော့
သွေးမုန်တိုင်းသီချင်းကို ခပ်တိုးတိုးပဲ
ငါတို့ ငြီးနေကြတယ်။
ငါတို့ဟာ သွေးပဲ!
မုန်တိုင်းထဲက သွေးတွေ။
မီးပုံထဲ ဝင်ဝင်တိုးနေရတဲ့ ပိုးစုန်းကြူးတွေ
ငါတို့ဟာ လူငယ်တွေ၊ ငါတို့ဟာ အနာဂတ်တွေ။
မုန်တိုင်းဟာ ငါတို့ပတ်ပတ်လည်မှာ ရောက်နှင့်နေပြီ။

အရေးကြီးတယ်!
တော်လှန်ရေးမှာ မှိုလိုပေါက်ပြီး မှိုမလုပ်ဖို့*
အရေးကြီးတယ်!
အရေးကြီးတယ်! ငါတို့ ပြည်သူတွေ။

■ ကေတို

*ကရင်နီတပ်မတော် (KA) ၏ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်အောင်မြတ်က ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF) သို့ ပေးသည့်စာ အချက် ၅ ချက်မှ ၃ ချက်မြောက်အချက်။




# စစ်တပ်ရဲ့ ချွေးသိပ်ခံ ငြိမ်းချမ်းရေးလမ်းကြောင်း NCA

■ မောင်မိုးထက်

**အာဏာသိမ်းစစ်တပ်ဟာ NCA စာချုပ်ပါ ကတိကဝတ်တွေကို တိတိလင်းလင်းချိုးဖောက်နေတာဟာ NCA ကို အလေးမထားတော့ဘူးဆိုတာ သိသာစေပါတယ်။**

ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်ဖြစ်ပွားရာ နိုင်ငံတွေထဲက တနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်ရပ်စဲရေးအတွက် လက်ရှိအခြေအနေအထိ အကောင်းဆုံးကတိကဝတ်ရှိတဲ့စာချုပ်ကို ပြပါဆိုရင် NCA စာချုပ်ကိုပဲ ပြရပါလိမ့်မယ်။ NCA စာချုပ်ဟာ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနဲ့ ပြည်သူတွေ ထိခိုက်နစ်နာမှု မရှိစေရေးအပြင် နိုင်ငံရေးဆွေးနွေးပွဲတွေဖြစ်တဲ့ စားပွဲဝိုင်းယဉ်ကျေးမှု ထွန်းကားလာဖို့ အခြေခံကတိကဝတ်တွေပဲ ဖြစ်ပါတယ်။

NCA စာချုပ်ရဲ့ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို လေ့လာကြည့်မယ်ဆိုပါက အရေးအကြီးဆုံး အခန်းကဏ္ဍမှာ ပါဝင်နေသူတွေဟာ နစ်ဖက်တပ်မှူးတွေပဲ ဖြစ်ပါတယ်။ နှစ်ဖက်တပ်တွေကို ထိန်းချုပ်နိုင်စွမ်းမရှိဘူးဆိုပါက ထိတွေ့တိုက်ပွဲတွေ ဖြစ်လာနိုင်မယ့် အနေအထားက အမြဲလိုလို ရှိနေခဲ့ပါတယ်။ အကြောင်းကတော့ ဘက်ပေါင်းစုံကနေ ယုံကြည်မှု မတည်ဆောက်နိုင်သေးတာ






ကြောင့်ပဲ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှာ ဒီမိုကရေစီအရ ရွေးကောက်တင်မြှောက်ခံထားရတဲ့ အစိုးရကို ဖြုတ်ချပြီး ၂၀၀၈ အခြေခံဥပဒေကို ချိုးဖောက်ကာ စစ်တပ်က အာဏာသိမ်းခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ရွေးကောက်ခံ ကိုယ်စားလှယ်တွေကတဆင့် ပေါက်ဖွားလာတဲ့ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) နဲ့ အာဏာသိမ်းစစ်တပ်နဲ့ဟာ တဖွဲ့စီဖြစ်သွားပါတယ်။ ဒီတော့ NCA စာချုပ်မှာပါတဲ့ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေဟာ သုံးဖွဲ့ဖြစ်သွားပြီး လွှတ်တော်ဟာလည်း အာဏာသိမ်းစစ်တပ်ရဲ့ ဖျက်သိမ်းမှုကို ခံထားရပါတယ်။ တဖက်မှာလည်း အနိုင်ရကိုယ်စားလှယ်တွေဟာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းထားကြပြန်ပါတယ်။

ဒီတော့ NCA ရဲ့ အန္တိမပန်းတိုင်ဖြစ်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးကို သွားဖို့ရာအတွက် NCA စာချုပ်ပုဒ်မ (၂၀) အပိုဒ်ခွဲ (က) ပါ “အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များ ပါဝင်ကြရမည်။” ဆိုသော ဘုံသဘောတူညီချက်ထဲမှာပါဝင်တဲ့ အစိုးရ (ရွေးကောက်ခံပြည်သူ့အစိုးရ)၊ လွှတ်တော်တို့ဟာ စစ်တပ် (တပ်မတော်) နဲ့ တလမ်းစီ ဖြစ်နေပါပြီ။ နိုင်ငံရေးပါတီများမှာလည်း အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့ နိုင်ငံရေးပါတီတွေရှိသလို ရွေးကောက်ပွဲမှာအရှုံးနဲ့ ရင်ဆိုင်ရတဲ့ပါတီအများအပြားကလည်း အာဏာသိမ်းစစ်ခေါင်းဆောင်ထံမှာ ရာထူးနေရာတွေယူပြီး စည်းစိမ်ယစ်မူးနေကြပါပြီ။ ဒီတော့ NCA စာချုပ်ပါ အစိုးရနဲ့ လွှတ်တော်က တဖက်၊ စစ်တပ်က တဖက်၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေက တဖက်နဲ့ အဖွဲ့အစည်းအားလုံးဟာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေကို ရင်ဆိုင်နေရတဲ့အချိန်ပါ။

ဒီတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ရှေ့ဆက်ဖို့အတွက် ဘယ်လိုချဉ်းကပ်ကြမလဲ စဉ်းစားကြရပါတော့မယ်။ NCA ကရော အလုပ်ဖြစ်ပါတော့မလား။ NCA ရပ်တန့်နေလို့ရပေမယ့် ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးလိုအပ်ချက်ကတော့ ရပ်တန့်နေမှာမဟုတ်ဘူးဆိုတာ သိမြင်ကြဖို့လိုပါတယ်။

NCA ဆိုတာဟာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ အစိုးရတို့ကြား နိုင်ငံရေးချဉ်းကပ်မှုတိုးမြှင့်ဖို့၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့နဲ့ အပစ်အခတ်ရပ်စဲဖို့အတွက် ချမှတ်ထားတဲ့ မူတွေ၊ ကျင့်ဝတ်တွေဖြစ်တာကြောင့် လက်တွေ့အကောင်အထည်မဖော်နိုင်တဲ့ အခြေအနေရောက်နေပြီဆိုပါက ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးနိုင်မှာ မဟုတ်တော့ပါဘူး။ အာဏာသိမ်းစစ်တပ်ဟာ NCA စာချုပ်ပါ ကတိကဝတ်တွေကို တိတိလင်းလင်းချိုးဖောက်နေတာဟာ NCA ကို အလေးမထားတော့ဘူးဆိုတာ သိသာစေပါတယ်။

တပ်မတော်အနေနဲ့ NCA စာချုပ်ကို ချိုးဖောက်



အာဏာသိမ်းစစ်တပ်ရဲ့ မီးရှို့ဖျက်ဆီးမှုကြောင့် ပြာကျသွားရတဲ့ စစ်ကိုင်းတိုင်းမှ ကျေးရွာတခုကို တွေ့မြင်ရပုံ

နေတယ်ဆိုတာကို တိတိကျကျသိမြင်စေဖို့ စာချုပ်ပါမူရင်းအချက်အလက်တချို့ကို ဖော်ပြဖို့လိုအပ်လာပါတယ်။

NCA စာချုပ် အခန်း (၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ ပုဒ်မ (၅) တွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာရန် သဘောတူသည်။

(က) အပစ်ရပ်နယ်မြေအတွင်း တဖက်နှင့်တဖက်အကြား နယ်မြေစိုးမိုးမှု တပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရပ်ဝတ္ထုပစ္စည်းများ ဖျက်စီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများ ရပ်ဆိုင်းရန်။

(ဂ) နေရာချထားရာတွင် လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေး၊ အရေးပေါ်ဆေးကုသရေး၊ တပ်လဲလှယ်ရေးတို့နှင့် ပတ်သက်သည့်လုပ်ဆောင်မှုများမှအပ အပစ်ရပ်နယ်မြေတွင် အင်အားအသစ်ဖြည့်တင်းခြင်း၊ နှစ်ဖက်သဘောတူညီထားသော တပ်စခန်းများမှအပ စခန်းအသစ်များ ထပ်မံဆောက်လုပ်ခြင်းနှင့် လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းများ မပြုလုပ်ရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက်ဖြစ်စေ၊ ပြည်ပရန် ကာကွယ်ရေးအတွက်ဖြစ်စေ လိုအပ်လာပါက အပစ်ရပ်နယ်မြေအတွင် ဖော်ပြပါစစ်ရေးဆိုင်ရာပြင်ဆင်မှုများကိုး နှစ်ဖက်ညှိနှိုင်းပြုလုပ်သွားရန်။

(ဃ) ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ပရဝဏ်များအတွင်းနှင့် ယဉ်ကျေးမှု ရိုးရာဓလေ့ဆိုင်ရာနေရာ၊ လူထုနှင့်ပတ်သက်သောနေရာများတွင် စစ်ရေးဆိုင်ရာ တပ်စခန်းချခြင်း မပြုလုပ်ရန်။ လို့ ဖော်ပြထားပါတယ်။

ဒီအချက်တွေကို ကြည့်ပြီး မျက်မှောက်ကာလစစ်တပ်ရဲ့ ယုတ်မာရက်စက်မှုတွေနဲ့ နှိုင်းယှဉ်ကြည့်ပါက စစ်တပ်ရဲ့ ချိုးဖောက်မှုတွေကို တွေ့မြင်နိုင်ပါတယ်။

ဒါ့အပြင် အရပ်သားများကို အကာအကွယ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်း ချိုးဖောက်နေတာကို တွေ့မြင်နေရပါတယ်။ ဒါဟာ NCA စာချုပ်ရဲ့ အရေးပါအရာရောက်မှုကို ဖယ်ကျဉ်ခြင်းဖြစ်သလို NCA ရဲ့ ကတိကဝတ်တွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေတာလည်း ဖြစ်ပါတယ်။ ဒါဆို ငြိမ်းချမ်းရေးအတွက် NCA က အလုပ်မဖြစ်တော့ဘူးဆိုရင် ဘယ်လိုဆက်လုပ်ကြမလဲဆိုတဲ့ မေးခွန်းက ရောက်လာပြန်ပါပြီ။

တိုင်းရင်းသားခေါင်းဆောင်တွေအပါအဝင် တိုင်းရင်းသားပြည်သူတရပ်လုံးဟာ အာဏာသိမ်းခေတ်နောက်ပြန်ဆွဲမှုကို ဆန့်ကျင်နေကြပါတယ်။ တစိတ်တည်း တဝမ်းတည်း တောင်းဆိုနေကြတာ

> **စစ်တပ်ဟာ NCA စာချုပ်ကို အသုံးချပြီး အာဏာတည်မြဲရေးနဲ့ စစ်အာဏာရှင်တော်လှန်ရေး အင်အားစုများကို ဖိနှိပ်ဖို့အတွက် ကြိုးပမ်းနေတာ ဖြစ်ပါတယ်။**

ကတော့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုပဲ ဖြစ်ပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုမှာ တပ်မတော်ဟာ အစိုးရရဲ့ လက်အောက်မှာပဲ ရှိပါတယ်။ ယခုအာဏာသိမ်းစစ်တပ်ဟာ လုပ်ပိုင်ခွင့်နဲ့ အာဏာအတွက် အရပ်သားအစိုးရလက်အောက်ကို ဝင်လိုတဲ့ ဆန္ဒမရှိပါဘူး။ ဒါကြောင့် ပဋိပက္ခတွေ ပိုမိုကြီးထွားလာရတာလည်း ဖြစ်ပါတယ်။

ဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံထားပြီး အာဏာသိမ်းကာလ ယာယီအစိုးရဖြစ်နေတဲ့ NUG အပါအဝင် ဒီမိုကရေစီအင်အားစု အားလုံးဟာ ဖက်ဒရယ်ဒီမိုကရေစီစနစ်ဆီကို လျှောက်လှမ်းနေကြပါတယ်။ ဖက်ဒရယ်စနစ်အရ တပ်မတော်ဟာ အစိုးရရဲ့ လက်အောက်မှာပဲရှိမယ့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တပ်မတော်ဟာ အစိုးရရဲ့ သဘောဆန္ဒအတိုင်းပဲ ရှိရပါမယ်။ ဒီတော့ အကြိမ်ကြိမ်ချိုးဖောက်ခံနေရတဲ့ NCA စာချုပ်ကို ဒီမိုကရေစီအင်အားစုများနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက တရားဝင်ဖျက်သိမ်းပြီး ငြိမ်းချမ်းရေးလမ်းကြောင်းအသစ်ကို ဖော်ဆောင်သင့်ပြီ ဖြစ်ပါတယ်။ ဖက်ဒရယ်နဲ့ ငြိမ်းချမ်းရေးဆိုင်ရာ အကောင်းဆုံး ကတိကဝတ်အနေနဲ့ ရှိသင့်တာကတော့ ကြားကာလဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေပဲ ဖြစ်ပါတယ်။ NUG အစိုးရအနေနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းအသစ်ကို ဖော်ဆောင်ပေးဖို့လိုအပ်နေပါပြီ။

NCA စာချုပ်ပါ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေအနေနဲ့ကလည်း တိုင်းပြည်အတွင်း ရှိခဲ့ဖူးသမျှ စာချုပ်တွေမှာ အကောင်းဆုံးဖြစ်နေတဲ့ NCA စာချုပ်ကို လက်လွှတ်ဖို့ဆိုတာ ပိုမိုကောင်းမွန်တဲ့ လမ်းကြောင်းအသစ် ရှိလာမှပဲ ဖြစ်နိုင်မှာပါ။ NCA ကိုတရားဝင်ဖျက်သိမ်းပြီး လမ်းကြောင်းအသစ်ဖော်ဆောင်နိုင်ပါက တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေအနေနဲ့လည်း အာဏာရှင်ပြုတ်ကျရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်လာလိမ့်မှာဖြစ်တာကြောင့် NCA ထက်သာလွန်ကောင်းမွန်တဲ့ ဒီမိုကရေစီလမ်းကြောင်းတခု ပေါ်ထွက်လာရေးဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရောက်ရှိနေပါတယ်။

စစ်တပ်ဟာ NCA စာချုပ်ကို အသုံးချပြီး အာဏာတည်မြဲရေးနဲ့ စစ်အာဏာရှင်တော်လှန်ရေး အင်အားစုများကို ဖိနှိပ်ဖို့အတွက် ကြိုးပမ်းနေတာ ဖြစ်ပါတယ်။ NCA စာချုပ်ကို အကြိမ်ကြိမ်ချိုးဖောက်ပြီး NCA လမ်းကြောင်းကို သွားနေတယ်ဆိုတာဟာလည်း ပြည်သူတွေကို ဒုက္ခတွင်းထဲ ဆွဲချနေတဲ့ ပြက်လုံးတခုသာ ဖြစ်ပါတယ်။

ဒီနေရာမှာ သတိချပ်ရမှာက စစ်တပ်သာ ငြိမ်းချမ်းရေးလိုချင်ရင် ဗမာပြည်ဟာ ငြိမ်းချမ်းရေးရတာ ကြာပါပြီ။ ၂၁ ရာစုပင်လုံလို တိုင်းသိပြည်သိ အခြေအနေမျိုးမှာ ၂၀၀၈ ခြေဥအောက် လက်နက်ချပြီး အလင်းဝင်ရမယ်ဆိုတာမျိုးအပြင် ဆိတ်ခေါင်းချိတ်ပြီး ခွေးသားမရောင်းကြနဲ့ဆိုတဲ့ လူမိုက်ဆန်ဆန်စကားမျိုး ပြောကြားသွားဖူးတဲ့ စစ်တပ်အကြီးအကဲဆိုသူ အာဏာရူးမင်းအောင်လှိုင်ရဲ့ အတွင်းစိတ်ကို ထင်ထင်ရှားရှား သိမြင်နိုင်ကြပါတယ်။ ငြိမ်းချမ်းရေးဟာ အောက်ကြေးနဲ့ တောင်းရမဲ့အရာ မဟုတ်ပါ။ NCA ဟာ သာတူညီမျှရှိတဲ့ ငြိမ်းချမ်းရေးစာချုပ်ဟုတ်ရဲ့လားဆိုတာနဲ့ NCA ဟာ နှစ်ဖက်လုံးလေးစားလိုက်နာနိုင်ကြတဲ့ စာချုပ်လားဆိုတာ တွေးတောကြရပါမယ်။ နိုင်ငံရေးထွက်ပေါက်လောက်သာ မဟုတ်တဲ့ နိုင်ငံရေးပန်းတိုင်ကို ရောက်နိုင်မဲ့စာချုပ်ဟုတ် မဟုတ်ဆိုတာကို ပိုပြီးအလေးထား တွေးတောကြဖို့လိုပါတယ်။ ဒီဆုံးဖြတ်ချက်တွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ဖြစ်လာမှာ အသေချာပါ။ ■

# ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုနဲ့ မြန်မာ့စီးပွားရေး ကျဆင်းမှု ဘယ်လိုဆက်စပ်နေသလဲ

■ ကိုသိမ်းမြတ်
ဘီဘီစီမြန်မာပိုင်း

ဗြိတိန်နိုင်ငံမှာ ၂၀၂၂ ခုနှစ်ကစပြီး စီးပွားရေးကျဆင်းမှုကြီးဖြစ်ပေါ်တော့မယ်လို့ အင်္ဂလန်ဗဟိုဘဏ်က ခန့်မှန်းလိုက်ပါတယ်။

တကမ္ဘာလုံးနေရာအနှံ့အပြားမှာလည်း စီးပွားရေး အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုကြီးဖြစ်လာတော့မယ်လို့ နိုင်ငံတကာစီးပွားရေးပညာရှင်တွေက ခန့်မှန်းသုံးသပ်ကြပါတယ်။

## စီးပွားရေးကျဆင်းမှုဆိုတာဘာလဲ

သာမန်အချိန်မှာ နိုင်ငံတနိုင်ငံရဲ့ စီးပွားရေးဟာ တဖြည်းဖြည်းပုံမှန်ဖွံ့ဖြိုးလေ့ရှိပါတယ်။ ပျမ်းမျှနိုင်ငံသားအများစုဟာ အနည်းငယ်ချမ်းသာလာတတ်ပါတယ်။ အဲဒါကို တိုင်းပြည်တွင်းစုစုပေါင်းထုတ်ကုန် ဂျီဒီပီ Gross Domestic Product နဲ့တိုင်းတာပါတယ်။ ဂျီဒီပီဟာ ပြည်တွင်းမှာထုတ်လုပ်တဲ့ စုစုပေါင်းထွက်ကုန်နဲ့စုစုပေါင်းဝန်ဆောင်မှုအားလုံးကို ပေါင်းထားတာပါ။ ဒါပေမဲ့ တခါတရံမှာ ဂျီဒီပီဟာ အကြောင်းတခုခုကြောင့် ကျဆင်းတတ်ပါတယ်။ ဂျီဒီပီကို ၃ လတကြိမ်တိုင်း



လောက်မှာ တွက်ချက်လေ့ရှိပါတယ်။ ၃ လတကြိမ် ဂျီဒီပီဟာ ဆက်တိုက်ကျလာရင် စီးပွားရေး ကျဆင်းလာပြီလို့ ခေါ်ပါတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးဆိုးလာပြီလို့ သတ်မှတ်ပါတယ်။ ဗြိတိန်နိုင်ငံမှာ ၂၀၂၀ ကိုဗစ်ကာလဟာ နောက်ဆုံးအကြိမ် စီးပွားရေးကျဆင်းမှုနဲ့ထိကျရောက်တာဖြစ်ပါတယ်။

## ဘာ့ကြောင့်အရေးကြီးသလဲ

စီးပွားရေးဖွံ့ဖြိုးမှုဟာ လူအများစုအတွက် ယေဘုယျအားဖြင့်ကောင်းပါတယ်။ စီးပွားရေးဖွံ့ဖြိုးရင် အလုပ်အကိုင်ပိုပေါလာတယ်။ ကုမ္ပဏီတွေ၊ အလုပ်ရှင်တွေ အမြတ်ပိုရတယ်။ အလုပ်သမားပိုလိုအပ်လာရင် လုပ်အားဈေးကွက်မှာ တောင်းဆိုမှုများလာရင် လုပ်ခပိုရလာနိုင်ခြေရှိသလို ကုမ္ပဏီပိုင်ရှင်၊ ရှယ်ယာပိုင်ရှင်တွေ ပိုချမ်းသာလာပါတယ်။ အစိုးရအတွက် အခွန်ပိုရပါတယ်။ အစိုးရကောင်းတွေဟာ ပြည်သူပြည်သားတွေအတွက် လူမှုဖူလုံရေး၊ ကျန်းမာရေး၊ ပညာရေးတွေမှာ ပိုသုံးချင်ရင် သုံးစရာဝင်ငွေတိုးလာပါတယ်။

စီးပွားရေးကမဖွံ့ဖြိုးဘဲ ကျုံ့သွားခဲ့ရင်တော့ အဲဒါတွေအားလုံးပြောင်းပြန်ဖြစ်ပါတယ်။

## စီးပွားရေးကျဆင်းတော့မှာလား

ဗြိတိန်နိုင်ငံမှာ စီးပွားရေးကျဆင်းမှု တကျော့ပြန်ရောက်လာတော့မယ်လို့ အင်္ဂလန်ဗဟိုဘဏ်က ခန့်မှန်းပါတယ်။ အဲဒီကျဆင်းမှုဟာ ကြာလည်းကြာမယ်လို့ ခန့်မှန်းပါတယ်။ ရှေ့လာမဲ့ ၃ လပတ်ကာလစီးပွားရေးပမာဏဟာ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် ဒုတိယ ၃ လပတ်ကာလစီးပွားရေးပမာဏထက် ၁ ရာနှုန်းလောက်ကျဆင်းလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

ကုန်ဈေးနှုန်းဟာ ဆိုးဆိုးဝါးဝါးမြင့်တက်နေပါတယ်။ အထူးသဖြင့် လောင်စာဆီဈေးနှုန်းကပိုဆိုးပါတယ်။ တက်လာတဲ့ကုန်ဈေးနှုန်းကို လူတွေရဲ့ဝင်ငွေကလိုက်မမီဘဲ တောက်လျှောက်ကျဆင်းနေပါတယ်။

ပြီးခဲ့တဲ့နှစ်ကုန်ကထက် ငွေဖောင်းပွမှုနှုန်းဟာ ၁၃ ရာနှုန်းအထိမြင့်တက်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ နှစ်မကုန်သေးတဲ့အခုအချိန်မှာ ငွေဖောင်းပွမှုနှုန်းဟာ ၉ ရာနှုန်းအထိရောက်နေပါပြီ။

## ကမ္ဘာတလွှားအခြေအနေ

တခြားနိုင်ငံအများအပြားရဲ့ စီးပွားရေးအခြေအနေကလည်း ပြင်းပြင်းထန်ထန်ကြိုးစားရုန်းကန်နေရတဲ့ အခြေအနေပါ။ ကမ္ဘာ့စီးပွားရေးဟာ မှေးမှိန်ဖျော့တော့လာပြီး မသေချာမှုများစွာနဲ့ ရင်ဆိုင်နေရပြီလို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ IMF က ထုတ်ပြန်တဲ့ နောက်ဆုံးစီးပွားရေးစစ်တမ်းမှာ ဖော်ပြထားပါတယ်။

အဲဒီစစ်တမ်းမှာ အဓိကအားဖြင့် ဒေသ ၃ ခုကို မီးမောင်းထိုးဖော်ပြပါတယ်။ တရုတ်ရဲ့ စီးပွားရေးဟာ အကျဖက်ကိုဦးတည်နေတယ်လို့ဆိုပါတယ်။ အမေရိကန်နဲ့ ဥရောပတို့မှာလည်း ငွေကြေးဖောင်းပွမှုဟာ ခန့်မှန်းထားတာထက် အများကြီးပိုဆိုးနေတယ်လို့ဆိုပါတယ်။

ဒီလိုဖြစ်ပွားရတဲ့အကြောင်းရင်းအဖြစ် အဓိကအားဖြင့် အကြောင်း ၂ ကြောင်းကိုအပြစ်တင်ထားပါတယ်။ ပထမတကြောင်းက ရုရှား၊ ယူကရိန်းစစ်ပွဲပါ။ ရုရှား၊ ယူကရိန်းစစ်ပွဲကြောင့် လောင်စာဆီဈေးနှုန်းတက်ပါတယ်။ စားသောက်ကုန်ဈေးနှုန်းတက်ပါတယ်။ ဒုတိယတကြောင်းက ကိုဗစ်ကပ်ရောဂါကြောင့်ပါ။

## စီးပွားရေးဖွံ့ဖြိုးမှုနှုန်း

၂၀၂၂ ခုနှစ်ဧပြီလနောက်ပိုင်းမှာ ကမ္ဘာကြီးဟာပိုပြီးမှောင်မည်းလာတယ်လို့ IMF ရဲ့စီးပွားရေးအကြံပေးနဲ့ သုတေသနညွှန်ကြားရေးမှူး ပီယဲအိုလီဗာဂိုရင်ချာကဆိုပါတယ်။ ပြီးခဲ့တဲ့ ၂ နှစ်ကပဲ စီးပွားရေးကျဆင်းမှုကြီးဖြစ်ခဲ့တဲ့ ကမ္ဘာကြီးဟာ မကြာခင်မှာနောက်တကြိမ် စီးပွားရေးကျဆင်းမှုချောက်ကမ်းပါးကြီးရဲ့ အစွန်းကိုရောက်တော့မယ်လို့ ဆိုပါတယ်။ ကမ္ဘာ့စီးပွားရေးဟာ ပြီးခဲ့တဲ့နှစ်မှာ ၆.၁ ရာခိုင်နှုန်းလျော့ကျပြီး ဒီနှစ်မှာ ၃.၂ ရာခိုင်နှုန်းလျော့ကျမယ်လို့ ခန့်မှန်းထားပါတယ်။ လက်တွေ့ဒီနှစ်ဧပြီလမှာ ခန့်မှန်းထားတာထက် ၀.၄ ရာခိုင်နှုန်းပိုလျော့ကျခဲ့ပါတယ်။

အမေရိကန်အိမ်ထောင်စုတွေရဲ့ ဝယ်နိုင်စွမ်းအားတွေ သိသိသာသာကျဆင်းသွားပါတယ်။ ဝယ်



မြန်မာတနိုင်ငံလုံးရှိ လူဦးရေစုစုပေါင်းရဲ့ ထက်ဝက်နီးပါး (၄၀ ရာခိုင်နှုန်း) ဟာ ကုလသမဂ္ဂကသတ်မှတ်ထားတဲ့ ဆင်းရဲမွဲတေမှုမျဥ်းရဲ့ အောက်မှာ ကျရောက်နေ

နိုင်စွမ်းအားကျဆင်းတယ်ဆိုတာ အိမ်ထောင်စုဝင်ငွေဟာ ငွေကြေးကိန်းဂဏန်းအရ လျော့နည်းမသွားဘဲ ကုန်ဈေးနှုန်းတွေတက်လာတဲ့အတွက် ကုန်ပစ္စည်းအရ နည်းသွားတာကို ဆိုလိုပါတယ်။ ဝင်ငွေကဒီဝင်ငွေပေမဲ့ ပစ္စည်းအရနည်းသွားပါတယ်။ ကိုယ့်အိတ်ထဲကငွေဟာ အလိုလိုသေးသွားပါတယ်။ အဲသလိုကိုယ့်အိတ်ထဲကငွေကျုံ့သွားတဲ့နှုန်းဟာ ဒီနှစ်မှာ ၂.၃ ရာခိုင်နှုန်းဖြစ်ပြီး နောက်နှစ်မှာ ၁ ရာခိုင်နှုန်းလျော့ကျမယ်လို့ ခန့်မှန်းထားပါတယ်။

တရုတ်ရဲ့စီးပွားရေးဟာလည်း ကြိုတင်ခန့်မှန်းထားတာထက် ပိုကျဆင်းပါတယ်။ အဲသလိုကျဆင်းရတာဟာ ကိုဗစ် ၁၉ ကပ်ရောဂါကာကွယ်ရေး လော့ဒေါင်းချတာတွေကြောင့် တကြောင်း၊ ရုရှား၊ယူကရိန်းစစ်ပွဲကြောင့် တကြောင်းလို့ဆိုပါတယ်။ ဒီနှစ်မှာ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းဟာ ၃.၃ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

ဥရောပရဲ့စီးပွားရေးက ဒီနှစ်မှာ ၂.၆ ရာခိုင်နှုန်းကျဆင်းပြီး ၂၀၂၃ ခုနှစ်မှာ ၁.၂ ရာခိုင်နှုန်းကျဆင်းမယ်လို့ ခန့်မှန်းထားပါတယ်။

## ငွေကြေးဖောင်းပွမှု

စီးပွားရေးကျနေတာနဲ့ တပြိုင်နက်မှာ ငွေကြေး ဖောင်းပွမှုက တရိပ်ရိပ် တက်နေပါတယ်။ ဒီနှစ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းဟာ ဖွံ့ဖြိုးနိုင်ငံတွေမှာ ၆.၆ ရာခိုင်နှုန်းမြင့်တက်လာပြီး ဖွံ့ဖြိုးမှုနိမ့်နိုင်ငံတွေမှာ ၉.၅ ရာခိုင်နှုန်းမြင့်တက်မယ်လို့ ခန့်မှန်းထားပါတယ်။

## မြန်မာ့စီးပွားရေးကျဆင်းမှု

မြန်မာ့စီးပွားရေးဟာ အထိမခံရွှေပန်းကန် အခြေအနေကိုရောက်နေပြီလို့ ကမ္ဘာ့ဘဏ်ရဲ့ ဇူလိုင်လ ၂၁ ရက်ထုတ်အစီရင်ခံစာက မှတ်ချက်ပေးထားပါတယ်။

မြန်မာနိုင်ငံရဲ့ ၂၀၂၂ ခုနှစ်အတွက် စုစုပေါင်းထွက်ကုန်တန်ဖိုး ဂျီဒီပီဟာ ၂၀၁၉ ခုနှစ်ကထက် ၁၃ ရာခိုင်နှုန်းလျော့ကျသွားလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ အဓိပ္ပာယ်ကတော့ သာမန်လူတန်းစားလူအများရဲ့ စီးပွားရေးဟာပိုပြီးကျပ်တည်းလာမယ်ဆိုတာပါပဲ။ မြန်မာတနိုင်ငံလုံးရှိ လူဦးရေစုစုပေါင်းရဲ့ ထက်ဝက်နီးပါး (၄၀ ရာခိုင်နှုန်း) ဟာ ကုလသမဂ္ဂကသတ်မှတ်ထားတဲ့ ဆင်းရဲမွဲတေမှုမျဥ်းရဲ့အောက်မှာ ကျရောက်နေပါတယ်။

ကိုဗစ်ကပ်ရောဂါနဲ့ စစ်အာဏာသိမ်းမှုဟာ ပြီးခဲ့တဲ့ ၁၀ နှစ်လုံးလုံးကြိုးစားထူထောင်လာတဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို ဖျက်ဆီးပစ်လိုက်တယ်လို့ မှတ်ချက်ပြုထားပါတယ်။



မနှစ်က ၂၀၂၂ ခုနှစ်ထက်ဒီနှစ်မှာပိုဆိုးလာတာက လောင်စာဆီဈေးနှုန်း အဆမတန်မြင့်တက်လာတဲ့ အချက်ဖြစ်ပါတယ်။ ဒေါ်လာဈေး၊ ရွှေဈေးမတည်ငြိမ်မှုက မနှစ်ကနဲ့အလားတူဖြစ်ပါတယ်။

ဘဏ်တွေရဲ့ငွေကြေးလည်ပတ်စီးဆင်းမှုက မနှစ်ကထက်ပိုပြီးကောင်းလာပါတယ်။ ဘဏ်တွေကို ငွေအပ်သူပြန်ရှိလာပါတယ်။ ဘဏ်တွေပြိုလုလု အခြေအနေကို ကျော်လွှားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အာဏာသိမ်း စစ်ကောင်စီဟာ ငွေစက္ကူသစ်များစွာကို အဆက်မပြတ်ရိုက်ထုတ်ခဲ့တယ်လို့ ဝါဒီစက်ရုံဝန်ထမ်းတဦးနဲ့ နီးစပ်သူက ပြောပါတယ်။ ကျပ် ၁ သောင်းတန်ကို အများဆုံးရိုက်နှိပ်ပြီး၊ ကျပ် ၅၀၀၀ တန်နဲ့ ကျပ် ၁၀၀၀ တန်တွေကိုလည်း ရိုက်နှိပ်တယ်လို့ဆိုပါတယ်။ သိပ်မကြာခင်ကပဲ ၁ သောင်းတန်ငွေစက္ကူ ၂ ခန်းနဲ့ ၅ ထောင်တန်ငွေစက္ကူ ၃ ခန်း၊ ၁ ထောင်တန်ငွေစက္ကူ ၁ ခန်းရိုက်နှိပ်တယ်လို့ဆိုပါတယ်။ ဝါဒီမှာ ငွေစက္ကူရိုက်ရုံပဲရိုက်ပြီး ဗဟိုဘဏ်ရောက်မှ နံပါတ်ထိုးတာဖြစ်တဲ့အတွက် ရိုက်နှက်တဲ့ ငွေပမာဏအတိအကျကိုတော့ ဝန်ထမ်းတွေသိခွင့်မရဘူးလို့ဆိုပါတယ်။

တချိန်တည်းမှာပဲ စစ်ပွဲကြောင့် ကုန်ထုတ်လုပ်မှု ကျဆင်းနေပါတယ်။ မနှစ်ကဘဏ်လုပ်ငန်းအကျပ်အတည်း၊ စီးပွားရေးအကျပ်အတည်းကြောင့် စီးပွားရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတချို့ ရပ်နားလိုက်ရတာတွေလည်း ရှိပါတယ်။ ရုရှား၊ ယူကရိန်းစစ်ပွဲကြောင့် လောင်စာဆီဈေးတက်နေပါတယ်။ ဓာတ်မြေဩဇာဈေးလည်းတက်ပါတယ်။ ငွေစက္ကူအများအပြားရိုက်နှိပ်ခြင်း၊ လောင်စာဆီဈေးတက်ခြင်း၊ ကုန်ထွက်ကျဆင်းခြင်း အကြောင်း ၃ ရပ်စလုံးဟာ ကုန်ဈေးနှုန်းတက်စေတဲ့ အကြောင်းတွေချည်းပဲ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းအားလုံးရဲ့ ၅ ပုံ ၁ ပုံနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေရဲ့ ၅ ပုံ ၂ ပုံက လုပ်ငန်းလုပ်ကိုင်ရာမှာ စစ်ရေးပဋိပက္ခတွေက စိန်ခေါ်ချက်တွေဖြစ်နေတယ်လို့ ထုတ်ဖော်ပြောဆိုကြကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ပြင်ပဝယ်လိုအားအပေါ်မှီခိုနေရတဲ့ အထည်ချုပ်လုပ်ငန်းတွေ ပြန်လည် လည်ပတ်လာနိုင်တာကို ဒီနှစ်ထဲမှာတွေ့ရတယ်လို့ ကမ္ဘာ့ဘဏ် အစီရင်ခံစာမှာ ဖော်ပြပါတယ်။ ဒါပေမဲ့ ဒီအစီရင်ခံစာပြုစုပြင်ဆင်ပြီးတဲ့ နောက်မှာမှ ဒေါ်လာဈေးနှုန်း နှုန်းသေသတ်မှတ်မှုအမျိုးမျိုး ထွက်ပေါ်လာပါတယ်။ ပြည်ပဒေါ်လာကြွေးမြီမဆပ်ဖို့ တိုက်တွန်းချက်လိုမျိုးထွက်ပေါ်လာပါတယ်။ ဒါတွေဟာ ပြည်ပကုန်သွယ်ရေးအတွက် ကြီးကြီးမားမားအနှောင့်အယှက်ဖြစ်နိုင်တဲ့အချက်တွေပါ။

ကမ္ဘာ့စီးပွားရေးကလည်း ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဆုတ်ယုတ်မှုဆီကို သေသေချာချာဦးတည်နေပါတယ်။ မြန်မာ့စီးပွားရေးအပေါ်မှာလည်း ကမ္ဘာ့စီးပွားရေး၊ ကမ္ဘာ့နိုင်ငံရေးရဲ့ ဩဇာသက်ရောက်မှုကကြီးသလို မိမိပြည်တွင်းက အရင်းခံနိုင်ငံရေး၊ စစ်ရေးအကြောင်းတရားတွေကလည်း သမိုင်းတလျှောက်မှာ တခါမှမကြုံဖူးတဲ့ပုံစံမျိုးနဲ့ ကြီးမားနေပါတယ်။ ဒါ့ကြောင့်ရှေ့လာမဲ့ မြန်မာ့စီးပွားရေးအလားအလာဟာ ကောင်းစရာထက် စိုးရိမ်စရာတွေက တော်တော်များနေပါတယ်။ ■

# အာဆီယံအခြေပြုစဉ်းစားချက်ကို ပြန်သုံးသပ်ဖို့လိုပြီ

■ ရေချမ်း



အာဆီယံအလံကို မီးရှို့ပြီး ဆန္ဒပြနေကြတဲ့ ရန်ကုန်မြို့မှ လူငယ်များ ■ ဓာတ်ပုံ - GSC

ဦးဖြိုးဇေယျာသော်၊ ဦးဂျင်မီ နှင့် နိုင်ငံရေးအကျဉ်းသားများအား သေဒဏ်စီရင်မှုသည် အာဆီယံအခြေပြုစဉ်းစားချက်အား မှန်ကန်သောစဉ်စားချက်ဖြစ်ရဲ့လားဟူသော ပြဿနာပေါ်ပေါက်လာပါသည်။ အာဆီယံနိုင်ငံများ၏ သဘောတူညီမှုဖြင့်ချမှတ်ထားသော အချက်၅ချက်အား ပြောင်ပြောင်တင်းတင်းချိုးဖောက်နေသော အာဏာသိမ်းစစ်ခေါင်းဆောင်မင်းအောင်လှိုင် နှင့် အပေါင်းအပါများသည် ရက်စက်ပြီးရင်းရက်စက်နေကြနေကြသော်လည်း အာဆီယံအဖွဲ့အနေဖြင့် ထိရောက်သောဆောင်ရွက်ချက်များ ယခုအချိန်ထိ မဆောင်ရွက်နိုင်သေးသည်မှာ စိတ်ပျက်စရာပင် ဖြစ်သည်။

အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သော ကမ္ဘောဒီယားဝန်ကြီးချုပ် ဟွန်ဆန်၏ ခရီးစဥ်များသည် စစ်ခေါင်းဆောင် မင်းအောင်လှိုင်အား အသက်ရှူပေါက်ရစေပြီး တိုးတက်မှုတစုံတရာရခဲ့ခြင်းမရှိပေ။ နောက်ဆုံးကျင်းပခဲ့သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသည်လည်း စိတ်ပျက်မိသည်ဟူသော စကားအမှအပ ထူးခြားသောဖိအားပေးမှုမျိုး ပေါ်ပေါက်မလာသေးပေ။ အာဆီယံအဖွဲ့ကြီးသည် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အသုံးချခံဖြစ်နေပြီလားဆိုသည့် ဆွေးနွေးငြင်းခုန်မှုများလည်း ပေါ်ပေါက်လာနေသည်။ ဒီမိုကရေစီတိုက်ပွဲဝင်နေသော မြန်မာနိုင်ငံအဖို့ အာဆီယံက ရေခံမြေခံကောင်းရှိရဲ့လားဆိုသည့် ပြဿနာသည်လည်း စော်ကျောဆွေးနွေးသင့်သည့် ကိစ္စတစ်ရပ်ဖြစ်သည်။

## ASEAN နိုင်ငံများ၏ နိုင်ငံရေးရေခံမြေခံ

အာဆီယံသည် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သမိုင်း စသည့်အချက်များတွင် အလွန်ကွဲပြားသည့် နိုင်ငံများ စုပေါင်းဖွဲ့စည်းထားခြင်း ဖြစ်သည်။ ကိုလိုနီမတိုင်ခင်မှ စတင်ကာ ယနေ့အထိ အရှေ့တောင်အာရှဒေသကို တူညီမှုများရှိသောဒေသထက် ကွဲပြားမှုများပြည့်နှက်နေသော ဒေသအဖြစ် သတ်မှတ်ထားကြသည်။ မြန်မာနိုင်ငံကဲ့သို့ပင် လူမျိုးစုပဋိပက္ခများကဲ့သို့ ကိုလိုနီစနစ်၏ အမွေအနှစ်များအား ရင်ဆိုင်ခဲ့ကြရသည်များလည်းရှိသည်။ မလေးရှားနိုင်ငံသည် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် နိုင်ငံသစ်ထူထောင်ချိန်မှစတင်ကာ မလေးဖြစ်မှုအယူအဆ (Malayness Concept) ကိုချမှတ်ထားသည်ကို တွေ့ရသည်။ ထိုအယူအဆသည် ကိုလိုနီစနစ်၏ အကျိုးဆက်ဟုဆိုနိုင်ပြီး ဗြိတိသျှလက်ထက်မှာ ချမှတ်ထားသော Malay Reservation Act ကိုအခြေခံထားခြင်း ဖြစ်သည်။ ထိုအယူအဆသည် Malay လူမျိုးဖြစ်ခြင်းအား နိုင်ငံ၏ စည်းလုံးမှုအခြေခံဖြင့် သတ်မှတ်ထားခြင်း ဖြစ်သည်။

စစ်အေးကာလ တခန်းရပ်သွားပြီးနောက်ပိုင်းတွင် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများသည် အချင်းချင်း တင်းမာမှုများလျော့နည်းသွားပြီး ဒေသတွင်း နိုင်ငံများအနေဖြင့် စီးပွားရေးအရ ပူပေါင်းဆောင်ရွက်မှုများ တိုးပွားလာခဲ့သည်။ သို့သော် စီးပွားရေးအကျိုးဆက်များသည် နိုင်ငံရေးအခြေအနေအပေါ်တွင်အဓိကမူသည်ဟု နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အပြောများသည်။ ၁၉၉၀ ခုနှစ် ကာလများတဝိုက်တွင် ဖာဒီနန်မားကိုစ်ကဲ့သို့သော အာဏာရှင်များ ပြုတ်ကျခြင်း၊ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းခြင်း ဖြစ်စဉ်များ ထိုင်း၊ အင်ဒိုနီရှား၊ ဖိလစ်ပိုင် တို့တွင်ဖြစ်ပွားခဲ့ပြီး ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်မှုများရှိခဲ့သည်။ ကုသသမဂ္ဂမှ ဦးဆောင်ပြီး ကမ္ဘောဒီယားကဲ့သို့သော နိုင်ငံများတွင်လည်း ထိုကဲ့သို့ဆောင်ရွက်မှုများဖြစ်ပေါ်နေသော ကာလလည်းဖြစ်သည်။

သို့သော် မြန်မာ၊ ကမ္ဘောဒီယား၊ ထိုင်း၊ စသော နိုင်ငံများတွင် ဒီမိုကရေစီ နောက်ပြန်လျှောကျသွားပြီး ဒေသတွင်း ဒီမိုကရေစီစနစ်တခု အခြေမခိုင်ခင်မှာပင် ပြိုလဲခဲ့ရသည်ဟုပြောနိုင်သည်။ ထိုသို့မအောင်မြင်ရခြင်း၏ အဓိကအကြောင်းရင်း ၃ ခုရှိသည်ဟု IDEA မှ ထုတ်ဝေသည့် သုတေသနစာတမ်း တစောင်အရ သိရှိရသည်။ ပထမ တခုမှာ ဒေသတွင်း နိုင်ငံတချို့အနေနှင့် နိုင်ငံရေးအရ စိတ်ဆန္ဒမရှိခြင်းဖြစ်ပြီး ထိုအယူအဆအား အခိုင်အမာအကာအကွယ်ပေးထားသည်မှာ အာဆီယံ၏ ပြည်တွင်းရေးမစွက်ဖက်ရဟူသော မူဝါဒဖြစ်သည်။ ဒေသတွင်း ဒီမိုကရေစီဖြစ်စဉ်အောင်မြင်ဖို့ဆိုလျှင် ဒီမိုကရေစီစနစ်အား နိုင်ငံ၏ မျှော်ရည်ချက်အဖြစ်ထားရမည်ဖြစ်ပြီး ဒီမိုကရေစီမဟုတ်သောနိုင်ငံများအားလည်း ဖိအားပေးမှုများ အနည်းနှင့်အများဆိုသလို ပေါ်ပေါက်နေရမည်ဖြစ်သည်ဟုဆိုသည်။ ဒုတိယတစ်ခုမှာ အာဆီယံနိုင်ငံသည် စည်းနှောင်မှု (Binding Force) ကင်းမဲ့နေခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ကြီး၏ ဆုံဖြတ်ချက်များသည် အဖွဲ့ဝင်နိုင်ငံများအား သက်ရောက်နိုင်မှုအကန့်အသတ်နည်းခြင်းကို ဆိုလိုခြင်းဖြစ်သည်။ နောက်ဆုံးတစ်ချက်မှာ မြန်မာအပါအဝင် ဒေသတွင်းနိုင်ငံတချို့သည် ဒီမိုကရေစီစနစ်အား ခိုင်မာအားကောင်းသော နိုင်ငံရေးစနစ်တစ်ခုအဖြစ် မှတ်ယူခြင်းမရှိပဲ စံနှုန်းအနေဖြင့်သာ လက်ခံထားကြပြီး ကိုယ်လိုချင်သလို သုံးစွဲနေကြခြင်းဖြစ်သည်။ မြန်မာအပါအဝင် ကမ္ဘောဒီယား၊ ထိုင်း၊ ဖိလစ်ပိုင် စသော နိုင်ငံများသည် ဒီမိုကရေစီကို ပယ်ချခြင်း မည်သည့်အခါမှမရှိခဲ့ဘဲ လိုသလိုအဓိပ္ပါယ်ဖွင့်ဆို သုံးနှုန်းနေကြသည်မှာ လက်တွေ့ပင်ဖြစ်သည်။ ထို့အပြင် အာဆီယံအဖွဲ့အစည်းကြီးသည် အာဏာရှင်များ၏ အသုံးချခံနေရာသော ပစ္စည်းတစ်ခုကဲ့သို့ တန်ဖိုးလျော့ကျလာသည်မှာ မြန်မာနိုင်ငံအာဏာသိမ်းမှုသည် သက်သေတခုပင်ဖြစ်သည်။

ထို့ကြောင့် အာဆီယံနိုင်ငံများ၏ နိုင်ငံရေးစနစ်များအား အုပ်စု ၃ စုခွဲနိုင်သည်။ ပထမအုပ်စုမှာ ရွေးကောက်ပွဲအာဏာရှင်စနစ် (Electoral Authoritarianism) ဖြစ်ပြီး ရွေးကောက်ပွဲသည် အာဏာရရှိရေးအတွက် လမ်းကြောင်းတခုသာဖြစ်ပြီး နိုင်ငံရေးအတိုက်အခံများ နှင့် အခွင့်အရေးများ ပိတ်ပင်တားဆီးမှုများရှိနိုင်ခြင်းကို ဆိုလိုသည်။ ထိုအုပ်စုတွင် ကမ္ဘောဒီ



ယား၊ မလေးရှား၊ စင်္ကာပူတို့ ပါဝင်သည်။ နောက်အုပ်စုတခုမှာ အာဏာရှင်ဆန်ဆန်နိုင်ငံများ (Autocracy) ဟူ၍ ဖြစ်ပြီး မြန်မာ၊ ဘရူနိုင်း၊ လာအို၊ ဗီယက်နမ် နှင့် ထိုင်းနိုင်ငံတို့ ပါဝင်သည်။ အကယ်၍ အာဏာသိမ်းမှုမဖြစ်ခဲ့လျှင် မြန်မာနိုင်ငံသည် ပထမအုပ်စုတွင် ပါဝင်မည်ဖြစ်သည်။ နောက်ဆုံးအုပ်စုတခုမှာ ဒီမိုကရေစီစနစ်ကျင့်သုံးသည်မှန်သော်လည်း အပြစ်အနာအဆာများရှိသောနိုင်ငံများ (Defective Democracy) ဖြစ်ပြီး အင်ဒိုနီးရှား နှင့် ဖိလစ်ပိုင်တို့ ပါဝင်သည်ကို တွေ့ရသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်တခုကို တည်ဆောက်ရန် တိုက်ပွဲဝင်နေသော မြန်မာနိုင်ငံအဖို့ အာဆီယံအဖွဲ့အစည်းကြီးဟာ သင့်လျော်သော ရေခံမြေခံရှိနေရဲ့လားဆိုသော မေးခွန်းပေါ်ပေါက်လာပြီး အသေအချာစဥ်းစားသုံးသပ်ရမည့်ကိစ္စရပ်ဖြစ်ပါသည်။

## အာဆီယံ ဘာကြောင့်အလုပ်မဖြစ်သနည်း

အာဆီယံ အဓိက အားနည်းချက်မှာ ခိုင်မာအားကောင်းသော ဦးဆောင်းမှုကင်းမဲ့ခြင်းဖြစ်သည်။ ဥရောပသမဂ္ဂနှင့် မတူသောအချက်မှာ EU တွင် ပြင်သစ်၊ ဂျာမနီစသော အင်အားကြီးနိုင်ငံများက တာဝန်ယူ၍ အဖွဲ့အစည်းအား ရှေ့ဆက်မောင်းနှင်နိုင်ကြသည်။ ဤနေရာတွင် ဦးဆောင်မှုဟုဆိုသော စကားရပ်အား နားလည်မှုလွဲမှားကြသည်များ ရှိပါသည်။ ထိုစကားလုံး၏ အဓိပ္ပါယ်သည် တပါးနိုင်ငံများအား နိမ့်ကျစေသော အသုံးအနှုန်း တနည်းအားဖြင့် ဦးဆောင်မှုယူမည့် နိုင်ငံ၏ လက်အောက်အား ကျရောက်ခြင်းဖြစ်သည် ဟူသော ယူဆချက်ဖြစ်ပါသည်။ သို့သော် နိုင်ငံရေးအရ ဦးဆောင်မှုသည် ဒေသတွင်းအဖွဲ့အစည်းများအတွက် ဆုံးဖြတ်ချက်တခု ချမှတ်ရာတွင်ဖြစ်စေ၊ ပြင်ပနိုင်ငံများ၏ အဖွဲ့အစည်းအပေါ်လွှမ်းမိုးမှုအား ဟန်ချက်ထိန်းညှိနိုင်ရန်ဖြစ်စေ အရေးကြီးပါသည်။ ထို့အပြင် အာဆီယံအဖွဲ့ကြီးသည် ဒေသတွင်းအဖွဲ့အစည်းတခုအသွင်မဟုတ်ဘဲ (Regional Organization) နိုင်ငံအချင်းချင်းအကျိုးစီးပွားအပေါ်မှာသာ အခြေခံထားကာ နိုင်ငံအချင်းချင်းပူပေါင်းဆောင်ရွက်သော အဖွဲ့အစည်း (Inter-Governmental Organization) ဖြစ်သည်။ ထို့ကြောင့် ဒေသအခြေခံမျှော်မြင်မှု နှင့် ဒေသတွင်းစိတ်ဓာတ် (strong sense of regional community) မရှိမှုသည်လည်း အားနည်းချက်တခု ဖြစ်သည်။

ထိုအားနည်းချက်အား ပိုပြီးဆိုးရွားစေသည်မှာ အင်စတီကျူးရှင်းအရ အားနည်းချက်ရှိခြင်းပင် ဖြစ်ပါသည်။ အာဆီယံချာတာအား ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုခဲ့ပြီးနောက်ပိုင်းတွင် ပိုပြီးရှုပ်ထွေးသော အင်စတီကျူးရှင်းမူဘောင် (Institutional Frame-

work) ကို ဖြစ်ပေါ်စေခဲ့သည်ဟု ဆိုနိုင်သည်။ ထိုချာတာချမှတ်ရခြင်း ရည်ရွယ်ချက်မှာ အာဆီယံအဖွဲ့အား ပိုပြီးအင်စီကျူးရှင်းခိုင်မာ အားကောင်းအောင်၊ ပိုပြီး ဘက်ပေါင်းစုံပါဝင်တဲ့အစုအဖွဲ့တခုဖြစ်အောင် နှင့် ပြဿနာများအား မဟာဗျူဟာကျကျ ဖြေရှင်းနိုင်စေဖို့ စသော ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုချာတာသည် EU ကဲ့သို့ စည်းနှောင်အားရှိသော (Binding Force) အဖွဲ့အစည်းတခုအသွင်သို့ ရောက်ရှိမလာဘဲ အာဆီယံ၏ စွမ်းဆောင်ရည်အား ပိုမိုဆိုးရွားစေခဲ့သည်ဟု ဆိုနိုင်သည်။ ထိုချာတာထဲတွင် မြန်မာနိုင်ငံနှင့် အရင်းနှီးဆုံး နှင့် ASEAN ၏ ရှုပ်ထွေးသောမူဝါဒတစ်ခုမှာ စည်းလုံးညီညွတ်မှု နှင့် ဒေသတွင်းလက်ခံထားသော စံနှုန်းများကို မျှဝေလက်ခံခြင်း (Shared Values) စသော အချက်များကို အခြေခံထားသော ပြည်တွင်းရေးမစွက်ဖက်ရမှု နှင့် ဆုံးဖြတ်ချက်တစ်ခုချမှတ်ရာတွင် အများသဘောတူညီမှုလိုအပ်ခြင်း (Consenus) တို့သည် အဓိကပြဿနာတခု ဖြစ်သည်။ ထိုအချက်များသည် ASEAN ၏ အရည်အသွေးအား တစထက်တစ တိုက်စားလာနေသော အချက်များဖြစ်ပြီး ဒေသတွင်းပြဿနာများအား ကိုင်တွင်ဖြေရှင်းနိုင်စွမ်း အကန့်အသတ်ကိုဖြစ်စေခဲ့သည်။ သို့သော် ယနေ့အချိန်ထိ ထိုကိစ္စနှင့် ပက်သက်၍ ငြင်းခုန်မှုများရှိနေဆဲဖြစ်သည်။

ထို့အပြင် ထိုစံနှုန်းများအားပျက်စီးစေမည့်မည့်သည့်လုပ်ဆောင်မှုမဆို ပယ်ချခံရမည်သာဖြစ်ပြီး ထိုကဲ့သို့ လုပ်ဆောင်မှုများလည်း ရှိခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အင်ဒိုနီရှားနိုင်ငံ၏ အာဆီယံငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့ (ASEAN Peacekeeping Force) အား ဖွဲ့စည်းရန်အဆိုပြုမှုအား ‘မလိုအပ်သော’ ‘စောလွန်သော’ စသောအကြောင်းပြချက်များဖြင့် ပယ်ချခဲ့သည်။ ထိုအဆိုပြုချက်သည် ပြည်တွင်းရေးမစွက်ဖက်ရမှု နှင့် ဆန့်ကျင်နေသောကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတချို့က ငြင်းပယ်ခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံပြဿနာအား ဖြေရှင်းရာတွင်လည်း အာဆီယံ၏ အားနည်းချက်များသည် ပိုပြီးပေါ်လွင်လာပြီး ဝေဖန်မှုများပိုပြီးရင်ဆိုင်လာရသည်မှာလည်း အာဆီယံ၏ အလုပ်မဖြစ်မှုကို ဖော်ပြနေခြင်းဖြစ်သည်။ အာဆီယံ မဖြေရှင်းနိုင်သော ပြဿနာများအား ပြင်ပအင်အားကြီးနိုင်ငံများအား (အမေရိကန်၊ တရုတ်) လွှဲပြောင်းပေးလိုက်ကြသည်များရှိသည်။ ထို့သို့လုပ်ဆောင်ခြင်းကြောင့် အာဆီယံအဖွဲ့ကြီး၏ ဂုဏ်သိက္ခာ နှင့် စွမ်းဆောင်ရည်အား လျော့ပါးလာစေသည်သာမက နိုင်ငံကြီးများ၏ ချယ်လှယ်ခံရမည့် အန္တရာယ်လည်း ရှိသည်ကို သတိပြုရမည်ဖြစ်သည်။

အထက်တွင်ဆိုပြီးသည့်အတိုင်း အာဆီယံဒေသတွင်း နိုင်ငံရေးဦးဆောင်မှုကင်မဲ့ နေခြင်းသည် အဓိကပြဿနာဖြစ်ပြီး ဒေသတွင်းပြဿနာကို ဖြေရှင်းရာတွင်ဖြစ်စေ၊ အများသဘောတူညီမှု လိုအပ်သောကိစ္စရပ်များ လိုက်လံစည်းရုံးရာတွင်ဖြစ်စေ ထိုအချက်သည် လွန်စွာအရေးပါသည်။ အာဆီယံသည် ထိုအချက်ကင်းမဲ့နေသောကြောင့် ဒေသတွင်းပြဿနာများဖြေရှင်းရာတွင် အများသဘောတူညီမှုမရရုံသာမက အင်အားကြီးနိုင်ငံများဖြစ်သော အမေရိကန်၊ တရုတ် စသည့် အင်အားကြီးနိုင်ငံများ၏ ခြယ်လှယ်မှုများ ကြုံတွေ့ခဲ့ကြရခြင်းဖြစ်သည်။ အင်ဒိုနီရှား၊ မလေးရှား နှင့် စင်္ကာပူနိုင်ငံတို့သည် ထိုနေရာအားပြိုင်ဆိုင်နေကြသော်လည်း အာဆီယံတဖွဲ့လုံးအား ခြုံငုံလွှမ်းမိုးနိုင်စွမ်း မရှိသေးသည်ကတော့ အရှိတရားပင်ဖြစ်သည်။ ထိုသို နိုင်ငံရေးဦးဆောင်မှုကင်းမဲ့ရခြင်း၏ အဓိကအကြောင်းမှာ အာဆီယံဒေသတွင်း မတူညီသော နိုင်ငံရေးစနစ်ကို ကျင့်သုံးနေကြသောကြောင့်ဖြစ်ပြီး ထိုကဲ့သို့သော အခြေအနေသည် ဒီမိုကရေစီရရှိရန် တိုက်ပွဲဝင်နေသော မြန်မာနိုင်ငံအဖို့ အာဆီယံသည် မည်သို့သောအဖွဲ့အစည်းဖြစ်သည်ကို ဖော်ပြနေသည်သာမက ပြဿနာများဖြေရှင်းရာတွင် အာဆီယံဗဟိုပြုဖြေရှင်းခြင်းနည်းအား သံသယရှိစရာပင် ဖြစ်သည်။

## ASEAN နှင့် မြန်မာနိုင်ငံဆက်ဆံရေးကို ဘယ်အချက်တွေက ပုံဖော်နေလဲ

သရုပ်မှန်ဝါဒ (Realism) သည် အာဆီယံအဖွဲ့ကြီး ဖွဲ့စည်းဖို့ထိဖြစ်စေခဲ့သော တည်ဆောက်ရေးဝါဒ (Construtivism) ကို အမြဲစိန်ခေါ်နေလေ့ရှိသည်ဟူ၍



၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့က ဂျကာတာမှာ အာဆီယံခေါင်းဆောင်များ မြန်မာ့အရေး ဆွေးနွေးနေကြစဉ် ■ Getty Images

စာတမ်းတစ်စောင်အရ ဆိုပါသည်။ ဆိုလိုချင်သည်မှာ အာဆီယံအဖွဲ့အစည်းတည်ထောင်ရခြင်းသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြားပူပေါင်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ကြရန်ဖြစ်သော်လည်း နိုင်ငံအသီးသီး၏ အကျိုးစီးပွားစဥ်းစားချက်များသည် ထိုအချက်အား စိန်ခေါ်နေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ အာဆီယံအဖွဲ့ကြီးတခုလုံးအနေနှင့် မြန်မာနိုင်ငံနှင့် ဆက်ဆံဖို့စဥ်းစားရာမှာ ဤအချက် ၂ ချက်သည် အခရာဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီးထံ ဝင်ရေးမဝင်ရေး စဥ်းစားချက်သည် လုံခြုံရေးရှုထောင့်မှ အဓိကစဥ်းစားချက်ဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

အထက်တွင်ပြောခဲ့သလိုပင် အာဆီယံအဖွဲ့ကြီး၏ ရည်ရွယ်ချက်သည် အချင်းချင်းပူပေါင်းဆောင်ရွက်မှုဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုက်တက်မှု ဖော်ဆောင်ရန်ဖြစ်ပြီး ထိုသို့ဖော်ဆောင်နိုင်ရန်မှာ နိုင်ငံရေးတည်ငြိမ်မှုသည် အခရာဖြစ်သည်ဟု ယူဆခဲ့ကြသည်။ မြန်မာစစ်အစိုးရ၏ တရုတ်အပေါ်မှီခိုမှုသည် ဒေသတွင်းစုစည်းမှု နှင့် လုံခြုံရေးအား ခြိမ်းခြောက်မှုတခုအဖြစ်မြင်ရုံသာမက ပြည်တွင်းရေးမတည်ငြိမ်မှုများ၏ မီးစမီးပွားများလွင့်စဥ်မလာစေရန် စဥ်းစားချက်များသည် အာဆီယံ နှင့် မြန်မာဆက်ဆံရေးကို စတင်ပုံဖော်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။ စစ်အစိုးရ၏ တိုင်းရင်းသားဒေသများတွင် ကျူးလွန်သည့် ဖိနှိပ်မှု၊ ရာဇဝတ်မှုများ၊ ပြည်သူများအား သတ်ဖြတ်နေမှုများ၊ နိုင်ငံရေးသမားများအား ဖမ်းဆီးထောင်ချနေသော ကိစ္စရပ်များကို လစ်လျူရှုပြီး ဒေသတွင်းလုံခြုံရေးစဥ်းစားချက်ကိုသာ ဦးစားပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အာဆီယံအဖွဲ့အတွင်းသို့ မြန်မာနိုင်ငံမည်သည့်အတွက်ကြောင့်ရောက်ရသည်ဟူသော နောက်ခံအကြောင်းအရာသည် ယနေ့ခေတ် မြန်မာနှင့်ပတ်သက်သော အာဆီယံ၏ သဘောထားကို လွှမ်းမိုးနေမလားဟူ၍ မေးခွန်းထုတ်ရမည်ဖြစ်သည်။

မီးပွားများလွင့်စင်ခြင်း (Spillover Effect) သည် အာဆီယံ၏ မြန်မာစစ်အစိုးရကို နီးနီးကပ်ကပ် ဆက်ဆံရန်ဖြစ်စေသော အချက်များထဲတွင် တချက်

ဖြစ်သည်။ နိုင်ငံတွင်းမတည်ငြိမ်မှုများသည် အိမ်နီးချင်းနိုင်ငံများအား ကျွံဝင်မလာစေရန် အာဆီယံသည် စစ်အစိုးရအား အသွင်ကူးပြောင်းရေး လုပ်ဆောင်ရန် ဖိအားပေးခဲ့သည်ဟု စာတမ်း တစောင်အရ သိရသည်။ သို့သော် အသွင်ကူးပြောင်းရေး စဉ်းစားချက်သည် အာဏာမသိမ်းခင်အထိ လူအများကြိုက်ဇာတ်ကြောင်းတခု ဖြစ်ခဲ့သော်လည်း ယခုတော်လှန်ရေးတွင် ထိုအယူအဆသည် လုံးဝပျောက်ဆုံးသွားပြီဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ သေဒဏ်ချမှတ်ခံရပြီးနောက်ပိုင်း အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၏ ထုတ်ပြန်ချက်တွင် ရန်၊ ငါ ပြတ်ရမည်ဟူသော စကားသည် အသွင်ကူးပြောင်းရေးမဖြစ်နိုင်တော့ကြောင်း ပေါ်လွင်နေပါသည်။

တွေ့ဆုံညှိနှိုင်းအဖြေရှာပြီး ယခင်လမ်းကြောင်းအတိုင်းသွားရန်ပြောနေသော အာဆီယံအဖွဲ့ကြီးသည် မြန်မာနိုင်ငံအခြေအနေအား နားမှနားလည်ပါစဟု သံသရရှိစရာပင် ဖြစ်ပါသည်။ နောက်ဆုံးကျင်းခဲ့သော အာဆီယံဝန်ကြီးများအစည်းအဝေးတွင်လည်း သက်ရောက်မှုရှိသော ရလဒ်တစုံတရာ ထွက်ပေါ်လာခြင်း မရှိပေ။ ထို့အပြင် ရိုဟင်ဂျာဖြစ်စဥ်ကဲ့သို့ မြန်မာအရေးအား ပြောဆိုကြရာတွင် ‘ဘက်နှစ်ဘက်’ ဟူသော စကားရပ်သည် နှစ်ဖက်လုံးတွင် အပြစ်မကင်းဟူသော သဘောသက်ရောက်သည်ဟုဆိုနိုင်သည်။ ထိုကဲ့သို့သော အသုံးအနှုန်းသည် တော်လှန်တိုက်ပွဲဝင်နေသော ပြည်သူများအား စော်ကားလိုက်သလိုဖြစ်နေသည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်၏ ဆောင်းပါးတွင် “ကျွန်မတို့ဟာ သူတို့အာဏာကို ထိန်းသိမ်းဖို့အတွက် အာဏာရှင်အချင်းချင်းရိုင်းပင်းကူညီတဲ့ လောကကြီးမှာ နေနေကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာပြည်သူတွေရဲ့ ဒီမိုကရေစီ နှင့် လွတ်လပ်ရေးတိုက်ပွဲဟာ အားလုံးနဲ့သက်ဆိုင်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိဖို့လိုအပ်ပါတယ်” ဆိုပြီး ရေးသားခဲ့ပါသည်။ ထို့ကြောင့် အာဆီယံအဖွဲ့အစည်းသည် ဒီမိုကရေစီတိုက်ပွဲအတွက် ပြဿနာတခုလားဟု မေးခွန်းထုတ်ရန် လိုအပ်ပြီး အာဆီယံအခြေပြု စဥ်းစားချက်အား ပြန်လည်စဥ်းစားသုံးသပ်ရန်လိုအပ်နေပြီဖြစ်သည်။ ■

**ကိုးကား**


1. Borchers, H. (2014). ASEAN’s environmental challenges and non-traditional security co-operation: towards a regional peacekeeping force? . ASEAS - Austrian Journal of South-East Asian Studies.
2. Kishore Mahbubani & Jeffery Sng. (2017). The ASEAN Miracle: A catalyst for peace. Flipside Digital Content Company Inc., 2017.
3. Lorenz, A. C. (2016). Contemporary Politics of Southeast Asia; An introduction of Governments and Political Regimes. Instiutte of Asia Studies.
4. Marchi, L. (n.d.). Constructivism and realism and the crucial nature of security ASEAN and Myanmar (1992-2012).
5. Molthof, M. (n.d.). ASEAN and the Principle of Non-Interference. E.IR.
6. Sukma, D. R. (n.d.). Democracy Building in South East Asia: The Asian Securiy Community and Options for the European Union. IDEA.
7. Weatherbee, D. E. (2019). ASEAN’s half century; A political history of Association of South-east Asia Nations . The Roman and Littlefield Publishing Group.
8. https://www.aljazeera.com/news/2022/8/3/why-is-the-myanmar-crisis-such-a-challenge-for-asean
9. https://foreignpolicy.com/2021/06/21/asean-myanmar-brunei-southeast-asia-special-envoy-junta-humanitarian-aid-aha-center/



# မြေအောက်လှုပ်ရှားလုပ်ငန်း အတွေ့အကြုံများ (အပိုင်း ၃ – နိဂုံး)

လှျို့ဝှက်ခြင်းရဲ့ အဓိကရည်မှန်းချက်ဟာ မိမိရဲ့သတင်းအချက်အလက်တွေ ရန်သူမရရှိအောင်ကာကွယ်ရေးနဲ့ ရန်သူကိုဖြုတ်ချဖို့ အင်အားတောင့်တင်းတဲ့ တော်လှန်ရေးလှုပ်ရှားမှုကို ထူထောင်ရေးပဲ ဖြစ်ပါတယ်။

## လေ့လာသူတဦး

(၁) ကြားဖြတ်တွေ့ဆုံမှုမှာ ပုံမှန်တွေ့နည်းအရ အချိန် နေရာနဲ့ ဟန်ပြပုံပြင်တွေ မဖြစ်မနေပါဝင်မယ်။ အရေးပေါ်အစည်းအဝေးလုပ်ဖို့ အချက်ပြနည်းနဲ့ ကျန်သူတွေကို ဆင့်ခေါ်တဲ့နည်းကိုလည်း သုံးဖို့လိုတယ်။ ဥပမာ လမ်းပေါ်မှာ လှေကားထစ်မှာ ခတ်တိုင်မှာ အဆောက်အဦနံရံမှာ အရာဝတ္ထုတခုခု အမှတ်အသားတခုခု ရုပ်ပုံတခုခု စာလုံးတခုခု စသဖြင့်ရေးသားတာ ချထားတာ တင်ထားတာ လုပ်ပြီး အချက်ပြနိုင်တယ်။ အဲဒီအချက်ပြမှုကို တဖက်လူက နားလည်ကြောင်း တုန့်ပြန်တဲ့နည်းကိုလည်း သတ်မှတ်ပေးရမယ်။ ကိုယ့်လူတွေ မနက်ပိုင်း အလုပ်သွားတဲ့လမ်းမှာ ခတ်တိုင် တတိုင်ကို မြေဖြူခဲနဲ့ခြစ်ပြီး အချက်ပြတာမျိုး ဘတ်စ်ကားမှတ်တိုင်နားက ခြံစည်းရိုးမှာ အရောင်ပါ ကြိုးကလေးတချောင်း ချည်ပြထားတာမျိုး လုပ်နိုင်တယ်။ တဖက်လူကလည်း သတ်မှတ်အရောင်နဲ့ မြေဖြူပြန်ခြစ်ပြီး သူသဘောပေါက်ကြောင်း ပြန်ပြီးအချက်ပြနိုင်တယ်။ ဒါမှမဟုတ် တယ်လီဖုန်းကနေပြီး ဖုန်းမှားဆက်သလိုလို လုပ်မယ်၊ တဖက်ကလည်း ဖုန်းမှားနေကြောင်း ပြန်ပြောရုံသာမက အလကားအချိန်ကုန်ရလို့ စိတ်တိုကြောင်း စကားလုံးတခုခုနဲ့ တုန့်ပြန်မယ်၊ အပြင်လူ နားထောင်ရင် သာမန်ဖုန်းမှားတဲ့ ဖြစ်စဉ်လို့ပဲ ထင်စေမယ့် အချက်ပြစကားလုံးတွေ ဖြစ်ဖို့တော့လိုတယ်။

(၂) အထက်ညွှန်ကြားချက်အရ ကိုယ်မမြင်ဘူးသူကို တွေ့ဆုံခြင်းမှာလည်း အလားတူဘဲ အချက်ပြ သင်္ကေတနည်းတွေ စကားဝှက်တွေ အပြန်အလှန် အသုံးပြုကြတယ်။ ကိုယ်နဲ့တွေ့မယ့်သူမှန်း သေချာအောင် ဈေးဝယ်အိတ်ပေါ်မှာ အိုကေတံဆိပ်လိုမျိုးပါဖို့တို့ အိတ်အရောင်တို့ကို တိတိကျကျသတ်မှတ်ပြီး ဈေးဆိုင်တခုခုမှာ

အရင်ချိန်းဆိုမယ်၊ အဲဒီမှာ စကားဝှက်ချင်းဖလှယ်မယ်။ ဥပမာ ကလေးကစားစရာ ဆိုင်ရှေ့မှာချိန်းတယ်ဆိုရင် ဒီရှေ့မှာ အရုပ်တွေကိုကြည့်နေတဲ့ အဲဒီတွေ့ရမယ့်လူအနား ကိုယ်ကကပ်ပြီး ဒီဆိုင်မှာ ကလေးစာအုပ်ရောင်းသလား လို့မေးရမယ်၊ တဖက်လူက ဒီရှေ့မှာတော့ အရုပ်ချည်းပဲ တွေ့တယ်လို့ ပြန်ဖြေမယ်၊ ကျွန်တော်က ကလေးကို စာအုပ်လက် ဆောင်ပေးချင်လို့ဗျလို့ ပြန်ပြောပြီး စကားဝှက်မှန်ကန်ကြောင်း အပြန်အလှန် အတည်ပြုပြီးရင် တွေ့ဆုံဖို့ကောင်းတဲ့နေရာဆီအတူ သွားဖို့ပဲ။

(၃) အန္တရာယ်ကင်းမကင်း ဆက်သွယ်မေးမြန်းခြင်းလုပ်တာကတော့ မြင်နိုင်တဲ့အမှတ်အသားတွေကို အသုံးပြုတာများတယ်။ ကိုယ့်လူတစ်ယောက်ကို ပုလိပ်ကခေါ်ပြီး စစ်ဆေးတာတို့ ခဏဖမ်းပြီးပြန်လွှတ်တာတို့ ဖြစ်လာရင် အဲဒီလူ အန္တရာယ်ကင်းမကင်း သိနိုင်ဖို့ စကားပြောတာမဟုတ်ဘဲ မြင်နိုင်တဲ့ အချက်ပြမှု ဒါမှမဟုတ် မြင်နိုင်တဲ့ အရာတခုခုကို ပြခိုင်းတဲ့နည်း ဖြစ်ပါတယ်။ အဲဒီလူကို မာဖလာလည်စည်းအဝါ စည်းပြီး သတ်မှတ်ရုံးတရုံးရှေ့ သတ်မှတ်ဆိုင်ကြီးတဆိုင်ရှေ့ ဖြတ်လျှောက်ခိုင်းမယ်။ အဲဒီရုံးရှေ့မှာ နှပ်ချေးညှစ်ပြမယ် စသဖြင့် လုပ်ပြစေပြီး ကိုယ်က တနေရာကနေ စောင့်ကြည့်တဲ့နည်း ဖြစ်ပါတယ်။ တကယ်လို့ သူ့အိမ်အပေါ်ထပ် အဝတ် လှန်းတဲ့ကြိုးတန်းပေါ်မှာ အပြာရောင်အင်္ကျီ တထည်ထည်း နေလှန်းပြထားမယ်ဆိုရင် အန္တရာယ်ရှိတယ်၊ သူ့ကိုပုလိပ်က စောင့်ကြည့်နေတယ်လို့ အချက်ပြတာ ဖြစ်ပါတယ်။ အဲဒီ အချက်ပြသင်္ကေတတွေကိုကြည့်ပြီး ခေါင်းဆောင်ဖြစ်သူက နောက်ခြေလှမ်းကို ဆုံးဖြတ်ရပါတယ်။

(၄) အမှတ်တမဲ့ တိုက်မိပွတ်မိရုံ တွေ့ဆုံခြင်းနည်းကတော့ လူချင်းစကားပြောစရာမလိုဘဲ တဖက်လူရဲ့ ဈေးဝယ်အိတ်ထဲကို ပစ္စည်းတခုခု၊ ညွှန်ကြားချက်တခုခု၊ အစီရင်ခံချက်တခုခု၊ ငွေထုပ်တခုခုကို လျှပ်တပြက်ထည့်ပေးတဲ့နည်း ဖြစ်ပါတယ်။ လိုအပ်တဲ့ စည်းကမ်းတွေကတော့ အထက်က နည်းတွေအတိုင်း နေရာ၊ အချိန်၊ ဟန်ပြပုံပြင်နဲ့ အချက်ပြသင်္ကေတတွေ တိတိကျကျ ရှိဖို့ပါပဲ။

(၅) ရုတ်တရက် အရေးပေါ်တွေ့ဆုံမှုတွေကတော့ ကွန်ရက်ပြတ်တောက်သွားတဲ့အခါတွေ အောက်ခြေက တယောက်ယောက်နဲ့ မဖြစ်မနေတွေ့ဖို့ လိုတဲ့အခါတွေမှာ ခေါင်းဆောင်ကိုယ်တိုင် လိုက်တွေ့တဲ့နည်း ဖြစ်ပါတယ်။ ဒီနေရာမှာတော့ ခေါင်းဆောင်ကို ကျန်တဲ့အဖွဲ့သားတွေ သိနေတဲ့အောက်မှာ ရုတ်တရက် လာရောက်တွေ့ဆုံတာမျိုးဖြစ်လို့ တချို့စည်းကမ်းချက်တွေ ကြိုပြီးသတ်မှတ်လို့ မရတော့ဘူး။ လူချင်းမတွေ့ဘဲ လျှို့ဝှက်ဆက်သွယ်နည်းကို အများအားဖြင့် အောက်ပါအတိုင်း လုပ်ကြတယ်။

ဒီနည်းကို ပုလိပ်တွေ စုံထောက်တွေ ခြေချင်းလိမ်နေအောင် ထောက်လှမ်းနေချိန်မျိုးမှာ လှုပ်ရှားသူတွေ လူချင်းတွေ့ဆုံမှု နည်းနိုင်သမျှနည်းအောင် လူမပါတဲ့ ဆက်သွယ်နည်းအဖြစ် သုံးကြတယ်။ ဒီလိုပြောလို့ လူချင်းတွေ့ဆုံတဲ့နည်းတွေကို ဒီနည်းနဲ့ အစားထိုးရမယ်လို့ ဆိုလိုတာ မဟုတ်ဘူး၊ လူချင်းတွေ့ဆုံမှုအကြိမ်နည်းရင် အန္တရာယ်စွန့်စားရမှုလည်း နည်းမှာဖြစ်လို့ ဒီနည်းကို ဖြည့်သုံးကြတာပဲ။ ဒီနည်းဟာ အန္တရာယ်သက်သာစေတယ် ဆိုပေမဲ့ ရန်သူက ဒီနည်းတခုခုကို ဖောက်ထွင်းဝင်ရောက် သတင်းထောက်လှမ်းမိရင် အန္တရယ် ကြီးကြီးမားမား ဖြစ်စေနိုင်တယ်။ အဲသလို ရန်သူက ကြားဖြတ်ထွင်းဖောက် သတင်းခိုးယူနေတာကိုလည်း ကိုယ့်ဖက်က ချက်ချင်းမသိနိုင်တဲ့အတွက် ဒီနည်းကိုသုံးရင် အဲဒီအန္တရာယ်ကိုပါ ထည့်တွက်ကြဖို့လိုတယ်။ အထူးသဖြင့် မျက်မှောက်ကာလ လက်ကိုင်ဖုန်းတွေ အင်တာနက်ဆက်သွယ်မှုတွေ စကားပြောကလစ်တွေ ဗီဒီယိုကလစ်တွေကို အဓိကနိုင်ငံကြီးတွေက ကြားဖြတ်စုဆောင်း သိမ်းဆည်းထား တာတွေ လုပ်နေကြတဲ့အတွက် အင်တာနက်နဲ့ ဖုန်းတွေထဲမှာ ပြောဆိုဖလှယ်ကြတဲ့ သတင်းတွေဟာ လုံခြုံစိတ်ချရမှု အတော်နည်းသွားပြီ။ ဒါတွေကို သတိမပြုမိရင် ကိုယ်ပြောဆိုသမျှ ရန်သူက တိတ်တိတ်ကလေး ခိုးယူလို့ရနေတယ်ဆိုတာ မမေ့ဖို့လိုတယ်။ လူချင်းမတွေ့ဘဲ လျှို့ဝှက်ဆက်သွယ်တဲ့ အဓိကနည်းတွေ ကတော့ နေ့စဉ်အသုံးပြုနေတဲ့ ဆက်သွယ်ရေးနည်းလမ်းတွေ ဥပမာအားဖြင့် စာတိုက်၊ တယ်လီဖုန်း၊ သတင်းစာ၊

ရေဒီယိုစတဲ့ ကြားခံ ပစ္စည်းတွေကို သုံးတဲ့နည်းစတာတွေဟာ သမားရိုးကျနည်းအဖြစ် သုံးနေကြတယ်။ နောက်တနည်းကတော့အချက်ပြဆက်သွယ်ရေးနည်းဖြစ်ပြီး ဒီနည်းမှာလဲ နေ့စဉ်အသုံးပြုနေတဲ့ အရာတွေကို အခြေပြုအမှတ်အသား လုပ်တဲ့နည်းနဲ့ ကြိုးမဲ့ကြေးနန်း သင်္ကေတ အချက်ပြနည်းတွေ ပါဝင်တယ်။

(၁) တယ်လီဖုန်း၊ စာတိုက်၊ သတင်းစာ ကြားခံပစ္စည်းတွေဟာ လျှို့ဝှက်စည်းကမ်းနဲ့အညီ မှန်မှန်ကန်ကန် အသုံးပြုတတ်ရင် အကျိုးရှိနိုင်တဲ့ နည်းလမ်းတွေ ဖြစ်ပါတယ်။ လျှို့ဝှက်စည်းကမ်းတွေကတော့ ကိုယ့်တယ်လီဖုန်းတွေ စာအိတ်တွေ သတင်းစာတွေကို ရန်သူက ကြားဖြတ်ဖောက်ဝင် သတင်းယူတာ မခံရအောင် ရန်သူမရိပ်မိအောင် ရန်သူအာရုံဆွဲဆောင်တာ မလုပ်မိအောင် နေ့စဉ်ပြောဆိုလုပ်ကိုင် နေပုံမျိုးအတိုင်း စကားဝှက်တွေ အမည်ဝှက်တွေ အချိန်လွှဲတွေ သုံးပြီး ပြောဆိုရေးသားတာတွေ လုပ်ဖို့လိုတယ်။ ဒါ့အပြင် တယ်လီဖုန်း တခုထဲ အချိန်မှန်မှန် တနေရာထဲနဲ့ ဆက်သွယ်နေတာမျိုး အထပ်ထပ်မလုပ်မိဖို့ ရှောင်ရှားရမယ်။ အလားတူဘဲ စာတိုက်ကိုသုံးမယ်ဆို ရင်လည်း ပို့စ်ကဒ်ကလေး ကြေးနန်းတိုလေးတွေထဲမှာ မှန်တမ်းအဖြစ်အပျက်ကလေးအကြောင်း ရေးပို့တာမျိုး ဖြစ်သင့်တယ်။ သတိထားဖို့ အကြောင်းကြားမယ်ဆိုရင် ဦးလေးဘယ်သူ အသည်းအသန်ဖြစ်၊ ခွဲစိတ်ရ စသဖြင့် အကြောင်းကြားတာမျိုး ဖြစ်သင့်တယ်။ ပုန်းနေတဲ့ သူတစ်ယောက်ယောက်ကို ဆက်သွယ်မယ်ဆိုရင်လည်း အမေကျွေးဘူးတဲ့ ချောကလက်ကို သိပ်သတိရတာပဲ၊ လူကြုံရှိရင်ပို့ပေးပါဦး စသဖြင့်ရေးပြီး အကြောင်းကြားနိုင်တယ်။

(၂) signals သင်္ကေတ အချက်ပြဆက်သွယ်ခြင်းကိုတော့ လူချင်းမတွေ့ဘဲလျှို့ဝှက်ဆက်သွယ်ရာမှာ အတော်ကလေး အသုံးပြုကြတယ်။ နေ့စဉ်အသုံးပြုနိုင်တဲ့ သင်္ကေတတွေကလည်း ကိုယ်နဲ့လက်တကမ်းမှာ အမြဲအသင့် ရှိနေတတ်တယ်။ ဥပမာ အသံဆိုပါတော့၊ ဂီတသံ၊ ဆူညံသံ၊ လေချွန်သံ၊ ငှက်သံ၊ တိရစ္ဆာန်သံ၊ တံခါးခေါက်သံမျိုးစုံကို အသုံးပြုနိုင်တယ်။ အရောင်ဆိုရင်လည်း သက်တံရောင်စဉ် ၇ မျိုးစလုံး ကြိုက်တဲ့အရောင်ကို ယူသုံးနိုင်တယ်။ လူရေးခြယ်တဲ့ ရုပ်ပုံဆိုရင်လဲ ဗျည်းသရတွေ၊ ကိန်းဂဏန်းတွေ၊ ခြစ်ရာအမှတ်တွေ၊ ဂရပ်ဖ်တီနံရံရုပ်ပုံတွေ ပုံကြမ်းတွေ သင်္ကေတပုံတွေ အများအပြား ရှိနေတယ်။ လှုပ်ရှားမှုအရဆိုရင် လူတယောက်စီ မော်တော်ယာဉ် တစီးစီအလိုက် ပြုမူပုံ လှုပ်ရှားပုံမျိုးစုံ လုပ်ပြနိုင်တယ်။ အရာဝတ္ထုတွေကတော့ ပြောမနေနဲ့ များမှများဘဲ။ တုတ်ချောင်းလေး ကျောက်ခဲ လုံးကလေးတွေ၊ ပန်းအိုးတွေ ပန်းစီးတွေ ပန်းရောင်စုံတွေ၊ အလံတွေ၊ ဆိုင်းဘုတ်တွေ၊ ယာဉ်သွားလာမှု အမှတ်အသား ဆိုင်းဘုတ်တွေ စတဲ့စတဲ့အရာမျိုးစုံ သင့်ပတ်ဝန်းကျင်မှ အသင့်ရှိတယ်။ ဒါတွေကို တကြိမ်နဲ့တကြိမ် မထပ်အောင် ရောနှောမွှေနှောက်အသုံးချတတ်ဖို့ပဲ လိုပါတယ်။ ဥပမာ အစည်းအဝေးလာဖို့ခေါ်တာကို နံရံမှာ အနီးရောင်မြှားပုံကို ရေးတာမျိုး၊ တရားမဝင်စာရွက်တွေ အိမ်ခန်းတွေမှာ လိုက်ဝေနေတဲ့သူကို ပတ္တရောင်လှည့်လာကြောင်း သတိပေးချင်ရင် လေချွန်သံပြုတာမျိုး၊ ပန်းရောင်ဖော့မွှားပန်းတစီး ကိုင်လာပြီး ဘားကောင်တာမှာ ရှန်ပိန်အရက်တပုလင်းမှာရင် အဲဒီကောင်တာမှာ အလုပ်လုပ်နေတဲ့ ကိုယ့်လူကို အစည်းအဝေးလာဖို့ အချက်ပြ တဲ့ သင်္ကေတပြတာမျိုးတွေ လုပ်နိုင်ပါတယ်။

(၃) DLB (Dead-Letter-Box) သဘာဝအတိုင်းရှိနေတဲ့ သစ်ခေါင်း ကျောက်လိုင်ခေါင်း နံရံအခေါင်းစတဲ့ အပေါက်တွေကို သုံးနိုင်သလို လူလုပ်ထည့်စရာဝှက်စရာ နေရာတွေကိုလည်း DLB အဖြစ် သုံးကြတယ်။ အဲဒီနေရာဝှက်ကလေးတွေဟာ လူချင်းတွေ့စရာမလိုဘဲ လူတယောက်ဆီကနေ တခြားတယောက်ကို စာရွက်စာတမ်းတို့ စာအုပ်တို့ ငွေကြေးတို့ ပစ္စည်းထုပ်တို့ ပေးပို့လို့ရတယ်။ အရေး ကြီးတာက အဲဒီနေရာတွေဟာ သာမန်လူတွေ မတွေ့နိုင်တဲ့၊ ခြေသလုံးအိမ်တိုင်တွေ ကလေးတွေ လက်ဆော့တဲ့ နေရာမျိုးမဟုတ်တဲ့၊ ရန်သူအခြေစိုက်စခန်းတို့ ကင်းအထပ်ထပ်ယူတာတို့နဲ့ မနီးတဲ့နေရာမျိုး ဖြစ်ဖို့လိုတယ်။ အနီးအနားက တိုက်ပေါ်ကနေ လှမ်းမြင်လို့ရတဲ့ နေရာမျိုးကိုလည်း ရှောင်ရမယ်။ နောက်တခုကတော့ တဖက်လူကို မြေပုံညွှန်းပေးဖို့လွယ်တဲ့ ရှာဖို့လွယ်တဲ့ နေရာလည်း ဖြစ်နေဖို့

လိုတယ်။ ရာသီဥတုဒဏ်ခံနိုင်တဲ့ ရေကြီးရေလျှံမဖြစ်တဲ့ သိမ်းထားတဲ့ပစ္စည်း အလွယ်တကူ မပျက်စီးနိုင်တဲ့ နေရာလည်း ဖြစ်ရမယ်။ လူဝင်လူထွက် အဆင်ပြေပြီး လုံခြုံမှုရှိတဲ့နေရာ လူတွေ မသင်္ကာမဖြစ်စေတဲ့ နေရာမျိုးကို ရှာရမယ်။ အုတ်နံရံထဲက ချောင်ထွက်နေတဲ့ အုတ်ခဲနောက် ဖက်မှာထားတာတို့ သစ်ခေါင်းထဲမှာ ဝှက်တာတို့ အိမ်ကြမ်းခင်းအောက် ဝှက်တာတို့ မြေကြီးထဲ တွင်းတူးမြှုပ်တာတို့ ခြံစည်းရိုးတိုင်ထဲ အခေါင်းဖောက်ထည့်တာတို့ လုပ်နိုင်တယ်။ ဒီလိုတွင်းတူးတာမျိုးကို တခြားသူတွေမမြင်အောင် ညဖက်တွေမှာ တိတ်တိတ်လုပ်ဖို့လည်း လိုအပ်တယ်။ ဒီလိုလုပ်ကိုင်နေတုန်း တခြားသူနဲ့ ပက်ပင်းတိုးရင် အကြောင်းပြစရာ ဟန်ပြပုံပြင်လည်း အသင့်ရှိနေရမယ်။ နောက်ဆုံးနဲ့ အရေးအကြီးဆုံး အချက်ကတော့ DLB နေရာကို ပြန်လှန်စောင့်ကြည့် စစ်ဆေးတာ လုပ်ဖို့လိုသလို အဲဒီနေရာကို သွားဖို့ လမ်းကြောင်းတခု ဖောက်ထားဖို့ လိုတယ်။

လျှို့ဝှက်ဆက်သွယ်ခြင်း အခန်းတခုလုံးကို ခြုံပြောရရင် ကလပ်စည်းတစ်ခုထဲပါဝင်တဲ့ အဖွဲ့ဝင်တွေကို တဆင့်ပြီးတဆင့် တဖြည်းဖြည်း လုပ်ပုံလုပ်နည်းတွေ တိုးပြီးသင်ပေးတာ၊ တဆင့်မှာ အတွေ့အကြုံများလာမှ နောက်လုပ်ပုံလုပ်နည်းတဆင့်ကို တဆင့်တက် လုပ်ခိုင်းတာတွေ လုပ်သင့်တယ်။ ကလပ်စည်းတခုကနေ နောက်ထပ်ကလပ်စည်းတွေ တိုးချဲ့ရာမှာလည်း အတွေ့အကြုံများပြားလာတဲ့ အနေအထားကိုရအောင် အရင်လုပ်ပြီးမှ တစတစ တိုးချဲ့သင့်တယ်။ အောက်အဆင့်မှာ အတွေ့အကြုံများလာမှ အထက်အဆင့်ကို တည် ဆောက်တာ လုပ်ရမှာဖြစ်သလို အောက်အဆင့် ခေါင်းဆောင်ကိုလည်း အတွေ့အကြုံအများဆုံးသူကိုဘဲ တာဝန်ယူစေရမယ်။ တဦးချင်း လျှို့ဝှက်စည်းကမ်းတွေ၊ လျှို့ဝှက်ဆက်သွယ်မှုစည်းကမ်းတွေကို မလိုက်နာတာ တွေ့တာနဲ့ ချက်ချင်းဝေဖန်၊ ချက်ချင်းပြုပြင်ခိုင်းတာတွေ လုပ်ရမှာဖြစ်သလို လျှို့ဝှက်ရေးနည်းနာတွေနဲ့ ပတ်သက်တဲ့ သင်တန်းတွေ လေ့လာမှုတွေကိုလည်း မပြတ်ပြုလုပ်ပေးဖို့ လိုတယ်။ ဒီနေ့ကာလလို ဆက်သွယ်ရေး နည်းပညာတွေ၊ အင်တာနက် လူမှုကွန်ရက်တွေ၊ ခေတ်မီ မီဒီယာတွေ ထွန်းကားနေတဲ့ ကာလမျိုးမှာတော့ အထက်ပါ လျှို့ဝှက်ရေး စည်းကမ်းနည်းလမ်းတွေကို ခေတ်နောက်ကျပြီလို့ ယူဆကောင်း ယူဆနိုင်ပေမဲ့ ဒီစည်းကမ်းတွေ နည်းလမ်းတွေထဲမှာ အခြေခံမူတွေ အခြေခံတရားတွေ ပါရှိနေတယ်။ ဒီအခြေခံမူတွေကို မျက်မှောက်နည်းပညာသစ်တွေနဲ့ ပေါင်းစပ်ပေးနိုင်အောင် ကြိုးစားကြဖို့ပဲ လိုပါတယ်။ နည်းပညာသစ်တွေနဲ့ အာဏာရှင်တော်လှန်ရေး လျှို့ဝှက်လှုပ်ရှားမှုတွေကို ပိုမိုထိရောက် လုံခြုံအောင်လုပ် ကြပါလို့ပဲ တိုက်တွန်းလိုပါတယ်။

## (ဃ) အရေးနိမ့်ဆုံးရှုံးခြင်းနဲ့ အရှုံးကို ကိုင်တွယ်ဖြေရှင်းခြင်း

တိုတိုဆိုရရင် မြေအောက်အဖွဲ့ဝင်တွေ ပေါ်သွားတာ၊ အဖမ်းခံရတာ၊ အသတ်ခံရတာ ဒါမှမဟုတ် မြေအောက်လုပ်ငန်းကွန်ရက်ကို ရန်သူက ဖော်ထုတ်ဖျက်ဆီးခြင်းခံရတာတွေကို လုပ်ငန်းမအောင်မြင်တာလို့ ပြောနိုင်ပါတယ်။ တစိတ်တဒေသလား၊ အဖွဲ့ဝင်အကုန် ပါသွားတာလား၊ မြေအောက်ကွန်ရက်ကြီး တခုလုံးအဖြိုခံရတာလားစတဲ့ အတိုင်းအတာချင်းတော့ ကွဲနိုင်ပါတယ်။ ဒီနေရာမှာလည်း ၂ ပိုင်း ရှိပြန်တယ်။ ဆုံးရှုံးမှုက လူသိရှင်ကြား ဖြစ်အောင်လုပ်သလား၊ ဒါမှမဟုတ် မြေအောက်ကွန်ရက်ထဲမှာ ရန်သူ့လူ စိမ့်ဝင်ထိုးဖောက်ပြီး တိတ်တိတ် အလုပ်လုပ်နေသလားဆိုတဲ့ ပုံစံ ၂ မျိုး ဖြစ်ပါတယ်။ ဒုတိယပုံစံကတော့ လူသိရှင်ကြား မဖြစ်သလို ကိုယ့်လူတွေကိုလည်း ချက်ချင်းဝင်ဖမ်းတာမလုပ်ဘဲ သတင်းအချက်အလက်တွေကို ကာလရှည်တခု အထိ စုဆောင်းရယူသွားတတ်တယ်။

အဖမ်းခံရခြင်းနဲ့ လုပ်ငန်းတွေဆုံးရှုံးကုန်ခြင်းတွေမှာ အကြောင်းရင်းတော်တော်များများရှိနိုင်တယ်။ အဲဒါတွေကတော့

(၁) လူတဦးချင်းလိုက်နာရမယ့် လျှို့ဝှက်ရေးစည်းကမ်းတွေကို လိုက်နာရန် ပျက်ကွက်မှုဟာ အဲသလိုဆုံးရှုံးခြင်းရဲ့ အဓိက အကြောင်းရင်းတွေ ဖြစ်နေတာ တွေ့ရတယ်။ လျှို့ဝှက်လုပ်ငန်းကို အောင်အောင်မြင်မြင် လုပ်ကိုင်ဖို့ဆိုရင် အဖွဲ့အစည်းဆိုင်ရာစည်းကမ်းတွေနဲ့ တဦးချင်းဆိုင်ရာ စည်းကမ်းတွေကို

တင်းတင်းကျပ်ကျပ် လိုက်နာမှ ဖြစ်မယ်။ ဆုံးရှုံးခြင်း ဖြစ်ရတာတွေကို ပြန်သုံးသပ်ကြည့်ရင်

- ဆက်သွယ်ခွင့်ရှိတဲ့ အရေးအတွက် ကန့်သတ်ချက်ကို မလိုက်နာခြင်း

- ဆက်သွယ်ရာမှာ အထက်အောက်ဒေါင်လိုက် ဆက်သွယ်ရေးစည်းကမ်းကို မလိုက်နာခြင်း (အများအားဖြင့် ကလပ်စည်း ခေါင်းဆောင်ဖြစ်သူဟာ သူ့အထက်က တာဝန်ခံကိုပဲ ဆက်သွယ်ရမယ့်အစား ဘေးတိုက်ဖြစ်တဲ့ တခြားကလပ်စည်းခေါင်းဆောင်တွေနဲ့ ဆက်သွယ်မှုတွေ လုပ်မိခြင်း)

- ကိုယ့်ကိုပေးအပ်ထားတဲ့ သီးခြားလုပ်ငန်းတာဝန်ဘောင်အပြင်ဖက်ထွက်ပြီး တခြားလုပ်ငန်းလုပ်သူတွေနဲ့ ဆက်သွယ်ခြင်း (စာပုံနှိပ်တာဝန်ယူသူ၊ စာရွက်စာတမ်း သိမ်းဆည်းသူ၊ စာရွက်စာတမ်းဝေသူ စတဲ့ မတူတဲ့ တာဝန်ယူရသူတွေ ရောနှောဆက်သွယ်ခြင်းမျိုး)

- ပေါ့ဆခြင်း စည်းကမ်းမလိုက်နာခြင်း (စကားဖွာခြင်း၊ စာရွက်စာတမ်းများ ပစ်စလက်ခတ်ထားခြင်း၊ လူတွေအာရုံစိုက်တဲ့အပြုအမူ တွေပြုလုပ်ခြင်း)

- လူသစ်စုဆောင်းရာမှာ ပေါ့ဆခြင်း (နိုင်ငံရေးနောက်ခံ၊ သမိုင်းနောက်ခံစစ်ဆေးရန် ပျက်ကွက်ခြင်း၊ စိတ်ချရခြင်းရှိမရှိ မစစ်ဆေးဘဲ အလုပ်တန်းပေးခြင်း၊ ရင်းနှီးမှု ဆွေမျိုးတော်စပ်မှုကို ဦးစားပေးပြီး တကယ့်အရည်အချင်းရှိမရှိ မစစ်ဆေးခြင်း)

- ဘယ်သူဆိုတာ မသိအောင်ဖုံးကွယ်တဲ့ စကားဝှက် အမည်ဝှက် စတာတွေကို အသုံးပြုရန် ပျက်ကွက်ခြင်း

- ဟန်ပြပုံပြင် တည်ဆောက်ရာမှာ ပျော့ကွက်တွေ ဟာကွက်တွေရှိခြင်း

- လုပ်ကိုင်မယ့် အစီအစဉ်၊ အစည်းအဝေးအစီအစဉ်များ ပြင်ဆင်ရာမှာ ညံ့ဖျင်းခြင်း

- ကိုယ့်လုပ်ငန်းကလွဲပြီး ကျန်တာမသိစေနဲ့ဆိုတဲ့ မူကိုဖောက်ဖျက်ပြီး တခြားသူတွေ အကြောင်း၊ တခြားလုပ်ငန်းအကြောင်းစပ်စုခြင်း

- တွေ့ဆုံမှု၊ ဆက်သွယ်မှုလုပ်ရာမှာ သတ်မှတ်စံချိန်စံညွှန်းများကို အသုံးမပြုခြင်း

- ဖမ်းဆီးခံရရင်ဖြစ်ဖြစ် စစ်ကြောခံရရင်ဖြစ်ဖြစ် ဘယ်လိုဖြေကြား၊ ဘယ်လိုရင်ဆိုင်ရမလဲဆိုတာတွေ ကြိုတင် သင်ပြပြင်ဆင်ပေးတာတွေ မလုပ်မိတဲ့အတွက် သူတို့ဆီက မလိုအပ်ဘဲ သတင်းအချက်အလက်တွေကို ရန်သူက နှိုက်ယူရရှိသွားခြင်း

(၂) လုပ်ကိုင်ရတဲ့ အခြေအနေအကြောင်းကို အသေးစိတ် နားလည်သဘောပေါက်မှု မရှိခြင်း ဒါကတော့ ကိုယ်အလုပ်လုပ်မဲ့နေရာဒေသအခြေအနေကို လုံလုံလောက်လောက်သိမနေတာ၊ ကိုယ်ရင်ဆိုင်ရမဲ့ ရန်သူရဲ့ အကျင့်စလေ့နဲ့ လုပ်နည်းကိုင်နည်းတွေကို လေ့လာထားခြင်းမရှိတာ၊ ပတ္တရောင်စနစ်၊ ကင်းလှည့်ချိန်၊ အင်ဖော်မာသတင်းပေးတွေ အသုံးချပုံ စတာတွေကို ကြိုတင်လေ့လာထားမှု မရှိတာ၊ နယ်ခံအရပ်သားတွေ အကျင့်စရိုက်ကို မသိတာ၊ ဘယ်လိုဝတ်ကြစားကြတာကို မသိတာ၊ ခြုံပြောရရင် ကိုယ်လှုပ်ရှားမယ့် ဇာတ်ခုံရဲ့ နိုင်ငံရေးစီးပွားရေး ပထဝီအနေအထား လမ်းပန်းဆက်သွယ်မှု စတာတွေကို ပိုင်နိုင်စွာမသိခြင်း

(၃) လေ့ကျင့်မှုကောင်းကောင်း မလုပ်ခြင်းနဲ့ လုပ်ငန်းမှာ ပါဝင်သူတွေရဲ့ အရည်အသွေးအားနည်းခြင်းဆိုတဲ့ အချက်ကလည်း ဆုံးရှုံးမှုမှာ အတော်လေး စကားပြောတယ်။ ခေါင်းဆောင်မှု အရည်အချင်း မပြည့်ဝခြင်း ဆက်သွယ်မှု အားနည်းခြင်း၊ ငယ်သားတွေကို လေ့ကျင့်သင်တန်းပေးမှု အားနည်းခြင်း၊ လုပ်ငန်းထဲမှာ ခေါင်းဆောင်ဖြစ်သူရဲ့ ဆုံးဖြတ်ချက် မှားယွင်းခြင်း၊ အဖွဲ့ဝင် စုဆောင်းစဉ်က လိုအပ်တဲ့ စံချိန် စံညွှန်းအတိုင်း မလုပ်ခဲ့ခြင်း စတာတွေရဲ့ အကျိုးဆက် ဖြစ်ပါတယ်။

(၄) လုပ်ငန်းပိုင်းကျွမ်းကျင်မှုမရှိ၊ professional မဖြစ်ခြင်း။ တဦးချင်းအရဖြစ်စေ နိုင်ငံရေးအရဖြစ်စေ အားနည်းနေခြင်း။ ဒီအချက်ကလည်း လုပ်ငန်းမအောင်မြင်မှုရဲ့ အကြောင်းခံတွေ ဖြစ်တတ်တယ်။ မြေအောက်လုပ်ငန်းကို အလေးအနက်မထားသူတွေဟာ တာဝန်ကို ပြီးမြောက်အောင် လုပ်ဖို့ခက်ခဲတယ်။ အရက်အလွန်အကျွံ သောက်သူတွေ၊ လောင်းကစားဝါသနာ ကြီးမားသူတွေဆိုရင် တဦးချင်း အရည်အချင်းအရ ဘယ်လိုမှ တာဝန်ပေးလို့ မရနိုင်ဘူး။ လုပ်ငန်းကို အန္တရာယ်တောင် ပြန်ဖြစ်စေနိုင်တယ်။ လုပ်ငန်း

တော့ ကျွမ်းကျင်ပါရဲ့ နိုင်ငံရေးအရ ရှုပ်ထွေးပြီး မပြတ်မသား ဖြစ်နေတယ်ဆိုရင်လည်း လုပ်ငန်းအောင်မြင်ဖို့မလွယ်ဘူး။ ဒါနဲ့ပြောင်းပြန် နိုင်ငံရေးအရ တကယ်ပဲတော်နေပေမဲ့ မြေအောက်လှုပ်ရှားမှု မလုပ်တတ် မကိုင်တတ်ဘူးဆိုရင်လည်း သူ့ကို မြေအောက်တာဝန်အစား တခြားတာဝန် ပေးဖို့လိုလိမ့်မယ်။

(၅) မတော်တဆဖြစ်ခြင်း တိုက်ဆိုင်ခြင်း တွေကြောင့်လည်း ဆုံးရှုံးနစ်နာတာတွေ ဖြစ်တတ်တယ်။ တခါတလေ ကံအကြောင်းမလှရင် မတော်တဆဖြစ်ပြီး အဖမ်းခံရတာတွေ လုပ်ငန်းဆုံးရှုံးမှုအတွက် မီးပွားမီးစတွေလည်း ဖြစ်သွားတတ်တယ်။

အထက်ဖော်ပြပါဆုံးရှုံးနစ်နာမှု လုပ်ငန်းမအောင်မြင်မှုတွေကို ကာကွယ်ဖို့ဆိုရင် လျှို့ဝှက်ရေး စည်းမျဉ်းစည်းကမ်းတွေကို တင်းတင်းကျပ်ကျပ်လိုက်နာတဲ့နည်းပဲ ရှိတယ်။ ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုကောင်းတယ်ဆိုတဲ့ စကားလိုပဲ ကြိုတင်ကာကွယ်တာ များများလုပ်ဖို့လိုတယ်။ တဖက်ကလည်း အဲသလို ထိခိုက်ဆုံးရှုံးမှုတွေ မမျှော်လင့်ဘဲ ရင်ဆိုင်ရရင် ကိုယ့်ဖက်မှာ အဲဒီအခြေအနေကို ရင်ဆိုင်နိုင်ဖို့ စီမံကိန်းတွေ ကြိုတင်ပြင်ဆင်မှုတွေ အဆင်သင့်ပြုလုပ်ထားဖို့လည်း လိုအပ်တယ်။ ဒီနေရာမှာ မအောင်မြင်ဖြစ်ပြီး အရေးနိမ့်သွားရတာ ဘာကြောင့်ဖြစ်ရသလဲဆိုတဲ့ အကြောင်းရင်းကို ရှာဖွေဖော်ထုတ်တာနဲ့ ဖြစ်ပွားသွားတဲ့ အရေးနိမ့်မှုကို ဒီထက်ပိုပြီး ကျယ်ပြန့်မသွားအောင် ကန့်သတ်ထိန်းချုပ်ခြင်းဆိုတဲ့ နောက်ဆက်တွဲ ရင်ဆိုင် ဖြေရှင်းနည်းတွေကိုလည်း လေ့လာကြဖို့လိုတယ်။

(၁) ယန္တရားကို ပြန်လှန်သုံးသပ်ဝေဖန်ခြင်း။ လျှို့ဝှက်ရေးစည်းကမ်းတွေနဲ့ တင်းတင်းကျပ်ကျပ်ဖွဲ့စည်းပြီး တိတိကျကျလှုပ်ရှားနေတဲ့ ကွန်ရက်တခုအတွက် ပြဿနာဖြစ်ရင် အကျပ်အတည်းဖြစ်ရင် ဘယ်နေရာမှာ ချို့ယွင်းနေပြီ၊ ဘယ်ဟာကဖြင့်မလုပ်သင့်တဲ့အရာပဲ စသဖြင့် ချက်ချင်းရှာဖွေပြီး ပြုပြင်တာ ဖယ်ရှားတာတွေ လုပ်ဖို့လွယ်တယ်။ အဖွဲ့အစည်းဆိုင်ရာ အခြေခံမူတွေပေါ်မှာ ခိုင်ခိုင်မာမာ အခြေပြုထားမယ်ဆိုရင်လည်း ပြဿနာကို စုံစမ်းဖော်ထုတ်ဖို့လွယ်သလို ဒီထက်ပိုပြီး မကျယ်ပြန့်အောင် ကန့်သတ်ဖို့လည်းလွယ်တယ်။ ဒါပေမဲ့ အဖွဲ့အစည်းစနစ်တွေ ပါဝင်လှုပ်ရှားသူတွေဟာ လျော့တိလျော့ရဲနဲ့ စိတ်ကူးပေါက်သလို လုပ်နေကြပြီဆိုရင် ပြဿနာကို ဖော်ထုတ်စစ်ဆေးဖို့ ခက်ခဲတယ်။ ယန္တရားကို စစ်ဆေးတယ်ဆိုတာ ဖွဲ့စည်းတည်ဆောက်ပုံတို့ ဆက်သွယ်ရေးလမ်းကြောင်းတို့ ပါဝင်သူတွေရဲ့ ကိုယ်ရေးအချက်အလက်တို့ကို ပြန်လှန်သုံးသပ်ဝေဖန်တဲ့ လုပ်ငန်း ဖြစ်ပါတယ်။ အရေးနိမ့်ဆုံးရှုံးအောင် အဓိကအန္တရာယ်ပြုနိုင်တဲ့ အကြောင်းရင်းတွေထဲမှာ အဓိကအားဖြင့် အကြောင်းရင်း ၂ ခု ရှိနေတတ်တယ်။ ပထမ တခုက ကိုယ့်အတွင်းစည်းထဲကို ရန်သူ့ သူလျှို စိမ့်ဝင်ထိုးဖောက် ရောက်ရှိနေခြင်းဖြစ်ပြီး ဒုတိယအကြောင်းရင်းကတော့ လှုပ်ရှားနေစဉ်အတွင်း ကိုယ့်လူကို ရန်သူကဖမ်းမိ သွားခြင်း ဖြစ်ပါတယ်။

(၂) မသင်္ကာသူကို ရှာဖွေဖော်ထုတ်တားဆီးခြင်း။ ဒီလုပ်ငန်းဟာ ကြိတ်ပြီး လျှို့ဝှက်လုပ်ဆောင်ရတဲ့ လုပ်ငန်းဖြစ်တယ်။ မလုပ်တတ်ရင် ရန်သူကို သတိပေးလိုက်သလို ဖြစ်နိုင်သလို ကိုယ့်လူတွေအကြားမှာလည်း အချင်းချင်း ယုံကြည်ချက် ထိခိုက်စေနိုင်တယ်။ ဒါပေမဲ့ ယန္တရားကို ပြန်လှန်သုံးသပ်စစ်ဆေးဖို့ဆိုရင် ဒီအလုပ်ကို မဖြစ်မနေ လုပ်ကြရတယ်။ အဲသလိုလုပ်ရာမှာ မသင်္ကာသူရဲ့ လှုပ်ရှားပုံ၊ လုပ်ငန်းဆောင်ရွက်ပုံနဲ့ အကျင့်စရိုက်တွေကို ပြန်လည် သုံးသပ်လေ့လာဖို့ လိုတယ်။ သူ့အကြောင်းကိုသိဖို့ သူနဲ့တွဲလုပ်ကိုင်တဲ့သူတွေ၊ သူနဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေ၊ သူ့မိသားစုတွေကို တဖက်လှည့် တီးခေါက်လေ့လာ စုံစမ်းဖို့လိုတယ်။

(၃) ရန်သူ့သူလျှိုတွေရဲ့ နည်းပရိယာယ်တွေကို ကောင်းကောင်း နားလည်ထားဖို့လည်း လိုတယ်။ အများအားဖြင့် အဲသလိုသူလျှိုတွေဟာ သင့်ယုံကြည်မှုကိုရဖို့ လေးစားဟန်ပြတာ အလိုက်တသိပြောဆိုတာတွေ လုပ်တတ်တယ်။ စကားကြီးစကားကျယ်တွေပြောပြီး ကတိအမျိုးမျိုးပေးတဲ့နည်းနဲ့ သင့်စိတ်ဝင်စားမှုကို အရယူတတ်တယ်။ သူတို့နဲ့ မသက်ဆိုင်တဲ့ သတင်းအချက်အလက်တွေ အမည်နာမတွေကို သင့်ဆီကနှိုက်ထုတ်တတ်တယ်။ လက်ရှိ လျှို့ဝှက်ဆက်သွယ်ရေး လမ်းကြောင်းတွေကို ပုလိပ်ဖက်က စောင့်ကြည့်လို့

လွယ်စေမယ့် လမ်းကြောင်းသစ်တွေ ပြောင်းလဲစီစဉ်လာအောင် အကြောင်းအမျိုးမျိုးပြပြီး သင့်ကိုသိမ်းသွင်းတတ်တယ်။ ပုံမှန်မဟုတ်တဲ့ ထူးဆန်းတဲ့ အမူအယာတွေ စိတ်လှုပ်ရှားနေတာတွေ လိုသည်ထက်ပိုတဲ့ စိတ်အားထက်သန်နေပုံတွေကို ပြသလာတတ်တယ်။ သူတို့ကိုထည့် သွင်းဖို့သင့်ကို တွန်းအားပေးတာ၊ သူတို့ထောက်ခံတဲ့သူကို တပ်သားသစ်သိမ်းသွင်းဖို့ သင့်ကိုတိုက်တွန်းတာတွေ လုပ်တတ်တယ်။ ညွှန်ကြားလိုက်တဲ့ အတိုင်းမလုပ်တာတို့ လျှို့ဝှက်စည်းကမ်း မလိုက်နာတာတို့တွေလည်း ရှိတတ်တယ်။ လူကောင်းတွေထဲမှာ အဲသလို အကျင့်စရိုက်တွေ ဟန်ပန် အမူအယာတွေလည်း ရှိတတ်လို့ အမူအယာပျက်တာ တစ်ခုနှစ်ခုလောက်တွေ့ရုံနဲ့ ချက်ချင်းကောက်ချက်မချ မိဖို့လည်းလိုတယ်။ သူလျှိုက အတွေ့အကြုံများပြီး သိပ်ပါးနပ်နေရင်လည်း အဲသလိုအမူအယာမျိုး ပြချင်မှ ပြတတ်တယ်ဆိုတာလည်း မမေ့ဖို့ လိုတယ်။ သူလျှိုဖြစ်နေရင်တော့ အနေးနဲ့အမြန်ဆိုသလို ချို့ယွင်းချက်တွေ အမှားကျူးလွန်တာတွေ သေချာပေါက် ပေါ်လာတတ်တယ်။

(၄) အရေးနိမ့်ဆုံးရှုံးမှုကို မကျယ်ပြန့်အောင် ကန့်သတ်တားဆီးခြင်း။ ဒီအပိုင်းမှာလဲ နည်း ၂ နည်းရှိတယ်။ ပထမနည်းက ရန်သူရဲ့ သူလျှိုက ကိုယ်အထဲ တိတ်တိတ်ဝင်ရောက်နေတာကို ဖယ်ရှားပစ်နည်းဖြစ်ပြီး ဒုတိယက ပေါ်သွားတဲ့အခါမှာ ရန်သူလက်မရောက်အောင် အဖမ်းမခံရအောင် ရှောင်တိမ်းတဲ့နည်းတွေ ဖြစ်ပါတယ်။ ပထမနည်းအရ ကိုယ့်ထဲမှာ သူလျှိုရောက်နေတာကို တွေ့ပြီဆိုရင် ကြုံတွေ့နေရတဲ့အခြေအနေနဲ့ သူကပေးလိုက်တဲ့ ဘေးအန္တရာယ်တွေပေါ် မူတည်ပြီး ဘာမှရှင်းမပြဘဲ သူနဲ့ လုံးဝအဆက်ဖြတ်ခြင်း၊ မြေအောက်ယူနစ်ကို ဖျက်သိမ်းလိုက်လို့ လမ်းခွဲကြဖို့ ကောင်းကောင်းမွန်မွန် ပြောပြီး အဆက်ဖြတ်ခြင်း၊ ဘာအဆက်အသွယ်မှ မလုပ်တော့ဘဲ သူ့ဖာသာ ဒီအတိုင်းပစ်ထားခြင်း၊ ဖမ်းဆီးပြီး အကျဉ်းသားအဖြစ် ပြည်ပကိုထုတ်ယူလာခြင်း စတဲ့ အဆင့်ဆင့် နည်းလမ်းတွေကို သုံးနိုင်တယ်။

ဒုတိယနည်းဖြစ်တဲ့ အဖမ်းမခံရအောင် ရှောင်တိမ်းနည်းကလည်း အမျိုးမျိုးရှိတယ်။

- ကိုယ့်လူတယောက်ယောက် အဖမ်းခံရပြီလို့ ကြားတာနဲ့ အဖမ်းခံရသူက ဖော်ပြောနိုင်မယ့် သူတွေဟာ ချက်ချင်း ရှောင်တိမ်းပုန်းအောင်းဖို့ လိုတယ်။ အဖမ်းခံရသူအများစုဟာ လျှို့ဝှက်ရေး စည်းကမ်းတွေကို မလိုက်နာမိလို့ အဖမ်းခံရတာများတယ်။

- ဒီနေရာမှာ မြေအောက်လုပ်ငန်း လုပ်သူတိုင်း မဖြစ်မနေပြင်ဆင်ထားရမှာက Escape Plan လို့ခေါ်တဲ့ ပြေးလမ်းပြေးပေါက်တွေကို အသင့်ရှာဖွေ ပြင်ဆင်ထားဖို့လိုတယ်။ ရှောင်တိမ်းရေးအစီအစဉ်တွေထဲမှာ အ ရေးကြီးတဲ့ အချက်တွေက ကြိုတင်သတိပေးစနစ် ရှိထားရေး၊ အထောက်အကူရရေး၊ ပုန်းစရာနေရာ၊ ငွေကြေး၊ သယ်ယူပို့ဆောင်ရေး၊ ရုပ်ဖျောက် ရုပ်ပြောင်းရုပ်လွှဲလုပ်ခြင်း၊ မှတ်ပုံတင် အသစ် အထောက်အထားစာရွက်စာတမ်းအသစ်ထားရှိခြင်း စတာတွေ ပါဝင်တယ်။

- အဖမ်းခံရမယ့် အန္တရာယ်ရှိနေသူဟာ တနေရာရာမှာ ဇာတ်မြှုပ်ပြီး နေဖို့လိုတယ်။ အန္တရာယ်ကျော်လွန်တော့မှ ထွက်လာရမယ်။ ဒါမှမဟုတ် ဒီတိုင်းပြည်ထဲက တခြားဒေသတခုခုကို ပြောင်းသွားရမယ်။ ဒါမှမဟုတ် တိုင်းပြည်ကနေ ထွက်သွားရမယ်။

- ရန်သူမသင်္ကာအဖြစ်ခံနေရသူ၊ ဒါမှမဟုတ် ရန်သူစောင့်ကြည့်ခံနေရသူကို ကျန်တဲ့သူတွေက အဆက်အသွယ်မှန်သမျှ ဖြတ်တောက်ထားရမယ်။ အန္တရာယ်ကာလ ကျော်လွန်ချိန်အထိ သူ့ကိုမဆက်သွယ်ဘဲ လုပ်ငန်းတွေ ရွှေ့ဆိုင်းထားဖို့လိုတယ်။

- တရားမဝင်စာအုပ်တွေ စာရွက်စာတမ်းတွေ တရားမဝင်ပစ္စည်းတွေကို အဖမ်းခံသွားသူ သိထားတဲ့ နေရာမှာ ဆက်မထားဘဲ နေရာရွှေ့ပြောင်း သိမ်းဆည်းတာ၊ ဖျက်ဆီးပစ်တာတွေ လုပ်ရမယ်။ ကိုယ်နေတဲ့ အိမ်၊ ကိုယ်နေတဲ့နေရာ၊ ကိုယ်နေတဲ့အလုပ်နဲ့ ဝေးရာမှာ သိမ်းဆည်းကြရမယ်။

- ရဲဘော်တိုင်းကို အဖမ်းခံရတဲ့ အန္တရာယ်အကြောင်းကို ပြောပြပြီး အဖမ်းခံရရင် ဘယ်လိုပြုမူ လုပ်ကိုင်ရမလဲဆိုတာ ညွှန်ကြားထား ရမယ်။ ကိုယ့်ရဲဘော်တွေကို မဖော်ဖို့၊ နှိပ်စက်ညှဉ်းပန်းမှုတွေကို ကြံ့ကြံ့ခံရပ်တည်ဖို့ မှာကြားထားရမယ်။ စစ်ကြောရေးမှာ အချိန်ကြာကြာ

တောင့်ခံထားလေလေ ကိုယ့်ရဲဘော်တွေ ရှောင်တိမ်းဖို့ အချိန် ပိုရလေလေ၊ အထောက်အထားတွေ ဖျက်ဆီးဖို့ အချိန်ပိုရလေလေဆိုတာ ပြောပြထားရမယ်။

- အဖမ်းခံလိုက်ရတဲ့ ရဲဘော်အတွက် အမှုရင်ဆိုင်ဖို့ ဥပဒေကြောင်းအရ ကိုယ်စားလိုက်ပါဆောင်ရွက်မယ့်သူတွေ ရှာဖွေပေးခြင်း၊ အမှုကို လူသိရှင်ကြားဖြစ်အောင် ဖြန့်ချိပေးခြင်း၊ အဖမ်းခံရသူအတွက် အစားအသောက်နဲ့ ဖတ်စရာများ ခွင့်ပြုရင် ခွင့်ပြုသလောက် ပေးပို့ခြင်း၊ အဖမ်းခံရသူရဲ့ မိသားစုနဲ့ တစိတ်ထဲတဝမ်းထဲရှိကြောင်း ပြသပြီး ကူညီထောက်ပံ့ခြင်း၊ အဖမ်းခံရသူအတွက် ဆန္ဒပြပွဲတွေ ဖြစ်ပေါ်လာအောင် စည်းရုံးလှုံ့ဆော်ခြင်းစတာတွေကိုလည်း အစွမ်းကုန် ပြုလုပ်ပေးဖို့ လိုပါတယ်။

## ၃။ ဖိနှိပ်မှုတွေ အာဏာရှင်တွေတည်ရှိနေသ၍ မလွဲမရှောင်သာ ဆက်လုပ်နေရဦးမယ့် မြေအောက်လုပ်ငန်း

အထက်ဖော်ပြပါလျှို့ဝှက်ရေးလုပ်ငန်းဆိုင်ရာအချက်တွေဟာ (၁) လျှို့ဝှက်လုပ်ငန်းကွန်ရက်ဘယ်လိုထူထောင်သလဲ (၂) လျှို့ ဝှက်ရေးစည်းမျဉ်းစည်းကမ်းတွေကဘာတွေလဲ (၃) ရန်သူစောင့်ကြည့်တာခံရရင် ဘယ်လိုကျော်လွှားမလဲ (၄) လျှို့ဝှက်ဆက်သွယ်ပုံ အမျိုးမျိုး (၅) ဝှက်စာ၊ အချက်ပြသင်္ကေတ၊ မမြင်ရတဲ့ မင် စတဲ့ နည်းပညာသုံး နည်းနာတွေ (၆) ရန်သူ့လက်ထဲကျရောက်ပြီး စစ် ကြောမေးမြန်းခံနေရရင် ဘယ်လိုရပ်တည်မလဲ စတဲ့ အဓိကကျတဲ့ အစိတ်အပိုင်းတွေကို တောင်အာဖရိကကွန်မြူနစ်ပါတီ SACP အတွေ့အကြုံတွေကို အခြေခံပြီး လက်လှမ်းမီသမျှ ဖော်ပြထားတာ ဖြစ်ပါတယ်။ မြေအောက်လျှို့ဝှက်လုပ်ငန်း နည်းစနစ်တွေဟာ ဖက်ဆစ်စနစ် နာဇီဝါဒနဲ့ အာဏာရှင်တွေစိုးမိုးတဲ့ ခေတ်တွေ ကာလတွေမှာ ပြည်သူလူထုဘက်သားတွေ တော်လှန်ရေးဘက်သားတွေအတွက် မလွှဲမရှောင်သာ ကိုင်စွဲရတဲ့ နည်းနာတွေ ဖြစ်ပါတယ်။

သခင်ခင်ဇော်ဘာသာပြန်တဲ့ ဒို့လမ်း (JAN PETERSEN ရဲ့ OUR STREET) နာဇီဂက်စတာပိုအောက် ကျရောက်ခါစ ဂျာမနီကွန်မြူနစ်တွေရဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန် မှတ်တမ်းစာအုပ်ကို ဖတ်ကြည့်မယ်ဆိုရင် အထက်မှာ ပြောခဲ့တဲ့ လျှို့ဝှက်ရေးလုပ်ငန်းရဲ့ လုပ်နည်းကိုင်နည်းတွေ အတော်စုံစုံလင်လင် ပြန်ပြီးတွေ့နိုင်ပါတယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ကူမင်တန်အာဏာရှင်အစိုးရအောက်နဲ့ ဂျပန်ဖက်ဆစ်အောက် မြေအောက်လျှို့ဝှက်လုပ်ငန်း အတွေ့အကြုံတွေကို လေ့လာရင်လည်း အထက်ပါအခြေခံတရားတွေကို တွေ့နိုင်မှာပါ။

ဗီယက်နမ်လွတ် မြောက်ရေးစစ်ပွဲကာလနဲ့ အဲဒီမတိုင်မီ ဗီယက်နမ်ကွန်မြူနစ်ပါတီ စတင်လှုပ်ရှားစဉ်ကာလမှ ရဲဘော်ဟိုချီမင်းကိုယ်တိုင် မြေအောက်လျှို့ဝှက်လုပ်ငန်းတွေ သင်တန်းပေးခဲ့ကြတာတွေကို ပြန်လေ့လာရင်လည်း ဒီအတိုင်း တွေ့နိုင်မှာပါ။ ကျွန်တော်တို့ ဗမာပြည်မှာတော့ အင်္ဂလိပ်ကိုလိုနီပုလိပ်အောက်မှာရော ဂျပန်ကင်ပေတိုင်အောက်မှာပါ ဗမာပြည်လွတ်လပ်ရေး အရေးတော်ပုံနဲ့ ဖက်ဆစ် ဆန့်ကျင်ရေး လက်နက်ကိုင်တိုက်ပွဲတွေ အောင်မြင်အောင်တိုက်နိုင်ဖို့ မြေအောက်လျှို့ဝှက်လုပ်ငန်းတွေ နက်နက်ရှိုင်းရှိုင်းလုပ်ကိုင်ခဲ့ ရပါတယ်။ မြေအောက်လုပ်ငန်းတွေဟာ ကြီးထွားလာလိုက် သေးကျုံ့သွားလိုက် လောကဓံအမျိုးမျိုး ရင်ဆိုင်ခဲ့ဖူးတယ်။ ဒီအတွေ့ အကြုံတွေကလည်း လက်ရှိသမိုင်းအဆင့်မှာ အများကြီး အသုံးဝင်နိုင်ပါတယ်။

လျှို့ဝှက်မြေအောက်လုပ်ငန်းဟာ သာမန်နေစဉ်တွေ့ကြုံနေရတဲ့ ထိတွေ့ကြားသိမှုတွေကိုပဲ အခြေခံတာ ဖြစ်ပြီး အတွေ့အကြုံတွေကို ပေါင်းရုံးစုစည်းထားတဲ့ အနုပညာတရပ်လည်းဖြစ်သလို သိပ္ပံနည်းကျ လုပ်ကိုင်ဖို့လိုတဲ့ လုပ်ငန်းတခုလည်းဖြစ်လို့ မျက်မှောက်ဆက်သွယ်ရေးနည်းပညာတွေ အင်တာနက်လူမှုကွန်ရက်တွေ ထွန်းကားတဲ့ခေတ်မှာ ဒီအခြေခံမှုတွေကို ကိုင်စွဲပြီး အပြောင်းအလဲနဲ့ လိုက်လျောညီအောင် လေ့လာသင်ယူရင်း ပြည်သူ့အရေးတော်ပုံ လျှို့ဝှက်လုပ်ငန်းပညာ ဘဏ္ဍာတိုက်ကြီးထဲကို နည်းလမ်းသစ်တွေ ဖြည့်တင်းကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ ■

# အိုးဝေ စာစောင်

အိုးဝေ

ဗကသများအဖွဲ့ချုပ်နှင့် ရတကသတို့မှ ထုတ်ဝေသည့်
အိုးဝေစာစောင်ကို ဒေါင်းလုတ်ရယူနိုင်ပါသည်။

ဒေါင်းလုတ်ရယူရန် ဤ QR Code ကို ဖုန်းကင်မရာနှင့် Scan ဖတ်ပါ။